# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ သောကြာနေ့၊ အတွဲ(၄၂)၊ အမှတ်(၇၈)


## နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘူတန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၁၇**

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ကျရောက်သော ဘူတန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘူတန်ဘုရင်မင်းမြတ် ဂျစ်မီ၊ဆင်း(ဂ်)ရီ၊ဝန်ချွတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Logistics Department မှ Deputy Chief ဖြစ်သူ Lieutenant General Sun Zhiqiang နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်(ယာပုံ)နှင့် တွေ့ဆုံနှုတ်ဆက်စဉ်။ (အောက်ယာပုံ) (သတင်းစဉ်)



## ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယဗိုလ်ချုပ်ကြီးနှင့်အဖွဲ့ဝင်များအားလက်ခံတွေ့ဆုံ



**ရန်ကုန် ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Logistics Department မှ Deputy Chief ဖြစ်သူ Lieutenant General Sun Zhiqiang နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် General Logistics Department မှ Deputy Chief ဖြစ်သူ Lieutenant General Sun Zhiqiang နှင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun နှင့် စစ်သံမှူး Senior Colonel, Ma Shoudong တို့လည်း တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

# မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံကိုက် ဖွံ့ဖြိုးတိုးတက် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံ

မြန်မာလူမျိုးများသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်း၊ ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် မျိုးရိုးဂုဏ်ရှိန်မြင့်မားစွာ ရပ်တည်နေထိုင်လာခဲ့ကြသူများ ဖြစ်သည်။

မြန်မာလူမျိုးများသည် ဉာဏ်ရည်ဉာဏ်သွေး မြင့်မားထက်မြက်ပြီး နိုင်ငံနှင့်လူမျိုး၏ ရေမြေသဘာဝ ယဉ်ကျေးမှုဓလေ့စရိုက် ထုံးတမ်းအစဉ်အလာများနှင့်အညီ ကိုယ်ပိုင်တွေးခေါ် တီထွင်ကြံဆမှုတို့ဖြင့် ပြည့်ဝသော လူမျိုးဖြစ်သည်။

ရှေးပဝေသဏီ ကာလကတည်းက မြန်မာတိုင်းရင်းသားလူမျိုးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် မြန်မာ့တိုင်းရင်းဆေးသမားတော်များက မြန်မာ့မြေမှထွက်ရှိသော အစွမ်းထက်တိုင်းရင်းဆေးပင်များကိုအသုံးပြု၍ ကိုယ်ပိုင်တွေးခေါ်ကြံဆမှုများဖြင့် ဆေးဝါးကုသပေးခဲ့ကြသည်။

ထိုစဉ်က မြန်မာ့တိုင်းရင်းဆေးပင်များနှင့် မြန်မာ့တိုင်းရင်းဆေးပညာ၏ စွမ်းရည်ထက်မြက်မြင့်မားမှုကို ရှေးမြန်မာလူမျိုးများ၏ သက်ရှည်ကျန်းမာကြံ့ခိုင်မှုများက ထင်ရှားစွာဖော်ညွှန်းသက်သေပြဆိုလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၁၅ရက်နေ့တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမတွင်ကျင်းပသော ပဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ပေးပို့ခဲ့သောသဝဏ်လွှာ၌-

> **"ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် အောင်မြင်မှုအကျိုးရလဒ်ကောင်းများကို ထပ်ဆင့်မြှင့်တင်ရင်း မြန်မာတိုင်းရင်း ဆေးသမားတော်ကြီးများ၏ စုစည်းနိုင်မာသော စုပေါင်းစွမ်းအားဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ တိုးတက်ထွန်းကား ပြန့်ပွားရေးနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းအား ထိရောက်ထက်မြက်သည့် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးအတွက် စွမ်းစွမ်းတမံ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်"**

ဟု ဖော်ပြပါရှိခဲ့သည်။

ရှေးရိုးအစဉ်အဆက် အစဉ်အလာကြီးမားခဲ့သည့် မြန်မာ့တိုင်းရင်းဆေးပညာသည် နက်နဲခက်ခဲသည့် ဆေးကျမ်းအသွယ်သွယ်၊ စွမ်းအင်ထက်မြက်သည့် ဆေးဝါးအဖုံဖုံ၊ ကြွယ်ဝလှသည့် ကုထုံးနည်းနာအမျိုးမျိုးတို့ဖြင့် ကုံလုံပြည့်စုံပြီး ကျယ်ဝန်းနက်ရှိုင်းလှသည့် ဆေးပညာရပ်တစ်ခုဖြစ်သည်။

အတွေးအခေါ်မြင့်မားပြီး မျိုးချစ်စိတ်ဓာတ်ထက်သန်မြင့်မားသည့် တိုင်းရင်းဆေးပညာရှင်ကြီးများ၊ သမားတော်ကြီးများ၏ ခေတ်အဆက်ဆက် ဆရာစဉ်သမားဆက် လက်ဆင့်ကမ်းပညာအမွေ မျှဝေထိန်းသိမ်းစောင့်ရှောက်ပေးမှုများဖြင့် မြန်မာ့တိုင်းရင်းဆေးပညာသည် ယနေ့ထက်တိုင် တည်တံ့ရှင်သန်ခိုင်မြဲနေခဲ့သည်။

အရည်အသွေး ထက်မြက်မြင့်မားခဲ့သော မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာနိုင်ငံတော်ကြီး တိုင်းတစ်ပါးလက်အောက် ကျရောက်စဉ် အချိန်ကာလအတွင်းက အခြားသောရိုးရာယဉ်ကျေးမှု ပညာရပ်များနှင့်အတူ ဖိနှိပ်ချိုးနှိမ်ခံခဲ့ရသည့်အတွက် တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရသည်။

လွတ်လပ်သောနိုင်ငံအဖြစ် ပြန်လည်ရောက်ရှိပြီးနောက် ယခင်ကိုယ့်မင်းကိုယ့်ချင်းဘဝကတည်းက ထည်ဝါခိုင်ခံ့ခဲ့သည့် မြန်မာ့တိုင်းရင်းဆေးပညာ ပြန်လည်ရှင်သန်မြင့်မားလာရေးအတွက် မြန်မာ တိုင်းရင်းဆေးပညာရှင်ကြီးများ ကြိုးပမ်းစွမ်းဆောင်မှု၊ နိုင်ငံတော်၏ အားပေးစောင့်ရှောက်မှု၊ ပြည်သူများ၏ ယုံကြည်ကိုးစားအားပေးမှုများကြောင့် ပြန်လည်တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

သို့ဖြစ်ရာ မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံကိုက် ဖွံ့ဖြိုးတိုးတက် အဓွန့်ရှည်ခိုင်မြဲပြီး တိုင်းရင်းသားပြည်သူများအား မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံ ပေးနိုင်ရေးအတွက် နိုင်ငံတော်၏ အားပေးထောက်ပံ့မှုများကို ရယူ၍ မြန်မာ့တိုင်းရင်းဆေးသမားတော်များက ဆက်လက်အောင်မြင်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၇၉၀ ရှိ စီမံကိန်းဖြင့် တစ်နှစ်လျှင် ကီလိုဝပ် နာရီသန်းပေါင်း ၃၅၅၀ ထုတ်ပေးနိုင်မည်

ရန်ကုန် ဒီဇင်ဘာ ၁၆

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဒုတိယဝန်ကြီးဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာ ၁၂ ရက်က မန္တလေးတိုင်းအတွင်း ဒုဋ္ဌဝတီမြစ်(မြစ်ငယ်မြစ်)ပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။**

### အကြီးဆုံးစီမံကိန်းကြီးဖြစ်

ဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက် ညနေပိုင်းက မြစ်ငယ်မြစ်ရေလွှဲခြင်း လုပ်ငန်းဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိ၍ စက်ယန္တရားကြီးများဖြင့် မြစ်ရေလွှဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအဆင့်ဆင့်အား ကြည့်ရှုစစ်ဆေးသည်။ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲယမန်းရွာအနီး မြစ်ငယ်မြစ်ပေါ်တွင် ၂၀၀၁-၂၀၀၂ ခုနှစ်မှ စတင်တည်ဆောက်လျက်ရှိသည့် စီမံကိန်းတစ်ခုဖြစ်ပြီး တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၇၉၀ရှိ၍ တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ထုတ်လုပ်ပေးနိုင်မည့် မြန်မာနိုင်ငံတွင် တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ် စီမံကိန်းများအနက် အကြီးဆုံးစီမံကိန်းကြီးဖြစ်သည်။ မြစ်ငယ်မြစ် ရေလွှဲခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် အချင်း၃၃ပေ၊ အလျား ၁၄၄၃ ပေရှိ ရေလွှဲဥမင်လိုဏ် အမှတ်(၁)နှင့် အချင်း ၃၃ ပေ၊ အလျား၁၆၇၄ပေရှိ ရေလွှဲဥမင်လိုဏ်အမှတ်(၂) တို့အား ၂၀၀၄ ခုနှစ် မေလတွင် ဖောက်လုပ်ပြီးစီး၍ လိုအပ်သော ဂိတ်တံခါးများ တပ်ဆင်နိုင်ရန် ရေယူအဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်း၊ ကွန်ကရစ်လုပ်ငန်းများပြီးစီး၍ ဒီဇင်ဘာ ၁၂ ရက်တွင် မြစ်ရေလွှဲခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့သည်။

### စီမံဆောင်ရွက်လျက်ရှိ

မြစ်ငယ်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေလှောင်တမံမှာ အမြင့် ၄၃၃ပေ၊ အလျား၂၂၆၄ပေရှိမည့် RCC ကွန်ကရစ်တမံ အမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံး စတင်တည်ဆောက်မည့် တမံအမျိုးအစားဖြစ်သည်။ ပင်မ RCC ကွန်ကရစ်ရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်းတွင် ဘိလပ်မြေနှင့် ရောစပ်အသုံးပြုမည့် သဘာဝပိုဇိုလန် ထုတ်လုပ်နိုင်ရန် မန္တလေးတိုင်း ပုပ္ပားဒေသတွင် သဘာဝပိုဇိုလန် ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်လျက် စဉ်ဆက်မပြတ် ဖြည့်ဆည်းထုတ်လုပ်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ဒီဇင်ဘာ ၁၃ရက်တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိသည့် ရေတားတမံ တည်ဆောက်မှုလုပ်ငန်းများ၊ ရေလွှဲဥမင် အဝင်နှင့်အထွက်နေရာများ၌ မြစ်ငယ်မြစ်ရေစီးဆင်းမှုအခြေအနေများ၊ RCC ကွန်ကရစ်ဖျော်စက်ရုံ တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် စီမံကိန်းတည်ဆောက်မှုလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး) တွင် မိဘနှစ်ပါးအား ရည်စူး၍ ဦးကြည်မြင့်-ဒေါ်သန်းတင် မိသားစု ၂/၃၃၃ အောင်ဆန်းလမ်း ကျောက်မဲမြို့နယ် ရှမ်းပြည်နယ်(မြောက်ပိုင်း)က အလှူငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်သို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## ကြံခင်းမြို့ အထက ရွှေရတုသဘင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်း ကြံခင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်ကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

### စာရင်းပေးသွင်းနိုင်

ရွှေရတုသဘင်ပွဲကို လိုက်ပါဆင်နွှဲကြမည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါ်တင်တင်ထွေး ဖုန်း-၅၄၁၀၆၅၊ ၅၄၃၈၇၂နှင့် ဦးစိန်ငွေး ဖုန်း-၂၅၆၇၈၄၊ ၂၅၆၈၇၆ တို့သို့ ဒီဇင်ဘာ ၂၀ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြဝတီရုပ်မြင်သံကြား

**၁၇-၁၂-၂၀၀၆**
**(သောကြာနေ့)**

### နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

### ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ရှင်ပြုပွဲ (ပထမနှစ်) (အရှေ့တိုင်းပညာ အထူးပြု)
၅:၃၅ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း
၆:၅၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကြယ်တစ်ပွင့်ရဲ့ဒိုင်ယာရီ"** (အပိုင်း-၇)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၂၇)



တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Logistics Department မှ Deputy Chief ဖြစ်သူ Lieutenant General Sun Zhiqiang ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယဗိုလ်ချုပ်ကြီးနှင့်အဖွဲ့ ရွှေတိဂုံစေတီတော် ဖူးမြော်ကြည်ညို၊ ကျောက်မျက်ရတနာပြတိုက် လေ့လာ

ရန်ကုန် ဒီဇင်ဘာ ၁၆

**မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Logistics Department မှ Deputy Chief ဖြစ်သူ Lieutenant General Sun Zhiqiang ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးစံအေးလှ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံးမှ စစ်သံမှူး Senior Colonel,Ma Shoudong နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက် ၇နာရီတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။**

## ရှင်းလင်းပြသ

ထို့နောက် ဧည့်သည်တော် Lieutenant General Sun Zhiqiang နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုကြရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ရွှေတိဂုံစေတီတော်ရှိ သာသနိက အဆောက်အအုံများနှင့် စပ်လျဉ်း၍ လိုက်လံ ရှင်းလင်းပြသကြသည်။

## ပေးအပ်လှူဒါန်း

ယင်းနောက် ဧည့်သည်တော် Lieutenant General Sun Zhiqiangသည် ရွှေတိဂုံ စေတီတော် တောင်ဘက် ဧည့်ခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ဆီမီးနှင့် နံ့သာတိုင်များဖြင့် ကပ်လှူဖူးမြော်ကြည်ညိုပြီး ရွှေတိဂုံစေတီတော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ အလှူငွေများကိုပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော် Lieutenant General Sun Zhiqiang နှင့် အဖွဲ့ဝင်များသည် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်သို့ ရောက်ရှိကြရာ မြန်မာ့ကျောက်မျက်ရတနာပြတိုက် ပြတိုက်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးသစ်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြတိုက်အတွင်း လှည့်လည် ရှင်းလင်းပြသကြသည်။

ယင်းနောက် ဧည့်သည်တော် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**



**ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘားလမ်း ပထမထပ် အမှတ် ၁၈၃နေ ဦးသိန်းထွန်း-ဒေါ်စိန်စိန်(မြို့မတည်းခိုရိပ်သာ) သားသမီးမြေးတစ်စုတို့က ဦးသိန်းထွန်း၏ မွေးနေ့အထိမ်းအမှတ်နှင့် နှစ်(၅၀)ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်သုံးသိန်းသုံးသောင်းသုံးထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။**

(က-ပ)

# (၁၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲပူးပေါင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီစစ်ရေးတေးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

**၂၀၀၅ ခုနှစ် မတ် ၂၇ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကဗျာနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ၏ စစ်ချီစစ်ရေးတေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီစစ်ရေးတေးပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။**

စစ်ချီတေးပြိုင်ပွဲနှင့် ပတ်သက်၍ အလွတ်တန်းအဆင့် တစ်ဆင့်တည်းသာ သတ်မှတ်ထားပြီး စစ်ရေးတေးပြိုင်ပွဲအနေဖြင့် အဆင့်(၁)နှင့် အဆင့် (၂)နှစ်ဆင့် သတ်မှတ်ထားသည်။ ပြိုင်ပွဲအဆင့်တိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် အထူးဆုများကိုပါ ချီးမြှင့်မည်ဖြစ်သည်။

## ရေးစပ်သီကုံး

ပြိုင်ပွဲဝင်တေးသီချင်းများ၏ စည်းကမ်းသတ်မှတ်ချက်များမှာ စစ်ချီစစ်ရေး တေးပြိုင်ပွဲအတွက် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်တို့အပေါ်တွင် အခြေပြု၍ ဘောင်ဝင်အောင် ရေးစပ်သီကုံးကြရမည်။

စစ်ချီတေးအတွက် မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး စစ်ရေးအတွက် အဆင့်(၁)နှင့်အဆင့်(၂)ဟူ၍ နှစ်ဆင့်ခွဲခြားထားမည်ဖြစ်ရာ အဆင့်(၁)ရှိသူ ဂီတစာဆိုနှင့်တေးသံရှင်များအား အဆင့်(၂)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ပါ။ ထို့အပြင် စစ်ရေးတေးအဆင့်(၂)တွင် ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများသည် အဆင့်(၁)တွင်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်။

ပြိုင်ပွဲတွင် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အနေဖြင့်သော်လည်းကောင်း၊ သီချင်းတစ်ပုဒ်ကိုသာ ယှဉ်ပြိုင်ခွင့်ပြုမည်။

ပြိုင်ပွဲဝင်စစ်ချီတေးသီချင်းများသည် စစ်ချီသီချင်းစပ်ထုံးစပ်နည်းစနစ်များနှင့်အညီ ကိုက်ညီရမည်။ ပြိုင်ပွဲဝင်စစ်ရေးတေးသီချင်းများသည် မြန်မာ့တေးသွား၊ မြန်မာ့ဟန်ဖြစ်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် စစ်ချီစစ်ရေးတေးအားလုံးသည် ကိုယ်ပိုင်သံစဉ်တေးသွားဖြစ်ရမည်။ မြန်မာ့တေးစပ်ထုံးစပ်နည်းများနှင့်အညီ အပိုဒ်၏ အဆုံးချကာရန်များ တူညီရမည်။ အချိန်လေးမိနစ်မှ ခြောက်မိနစ်အတွင်းသာ ဖြစ်ရမည်။

ပြိုင်ပွဲဝင်သီချင်းများကို ခိုင်ခံ့သော အဆိုနှင့် ပြည့်စုံသောတီးခတ်မှုများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲဝင်ကက်ဆက်တိပ်ခွေ(သို့မဟုတ်) Reel (သို့မဟုတ်) Dat ခွေ တစ်ခွေတွင် တေးသီချင်း တစ်ပုဒ်သာ အသံသွင်းယှဉ်ပြိုင်ရမည်။ ခေါင်းစဉ်ကို သင့်လျော်သလိုပေးနိုင်သည်။

## ပူးတွဲပေးပို့

ပြိုင်ပွဲဝင်တေးသီချင်းစာသားကို လက်နှိပ်စက်မိတ္တူ ၁၀ရွက်နှင့် Music Notes မူရင်းတစ်ရွက်ကို ကက်ဆက်တိပ်ခွေ(သို့မဟုတ်) Reel (သို့မဟုတ်) Dat တိပ်ခွေနှင့် တစ်ပါတည်းပူးတွဲတင်ပြရမည်။ ပြိုင်ပွဲဝင်တေးရေးသူ၊ တေးဆိုသူတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ နှစ်လက်မ x နှစ်လက်မခွဲ သုံးပုံ ပူးတွဲပေးပို့ရမည်။

ပဏာမရွေးချယ်ခံရသူများအား အကြောင်းကြားမည်။ ပဏာမရွေးချယ်ခံတေးများသည် အပြီးသတ်ရွေးချယ်ခံနိုင်ရန်အတွက် ပြန်လည်အသံသွင်းပြီး အသံသွင်းကြိုးခွေ တိပ်ခွေဖြင့် ထပ်မံယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်တေးသီချင်းများကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထား၍ ဦးကိုကိုထွေး အတွင်းရေးမှူး တပ်မတော်နေ့စစ်ချီစစ်ရေးတေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မွေးနေ့ဓမ္မပူဇာတရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

အင်းစိန်မြို့ ရွာမအနောက် ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဓမ္မရိပ်သာတွင် ရွှေရတု တိပိဋကဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ ပူဇော်ပွဲနှင့် ရိပ်သာ ဥက္ကဋ္ဌ ဦးဝင်းသိန်း အသက်(၆၀)ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် ဓမ္မပူဇာတရားပွဲများ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၁၇ ရက် ညတွင် ရွှေရတုတိပိဋကဆရာတော်ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ ၁၈ရက်ညတွင် မဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကတ္တိသာရ၊ ၁၉ရက်ညတွင် ညောင်ပင်သာ ဆရာတော် ဘဒ္ဒန္တ မာလာစာရ(ဓမ္မာစရိယ)အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟုသိရသည်။ **(က-ပ)**

**တိုက်ကြီးမြို့နေ ဦးမြဝင်း (အောင်သပြေဆီစက်)က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် သွေးစစ်စက် ဝယ်ယူတပ်ဆင်ရန်အတွက် အလှူငွေကျပ် သိန်း ၃၀ကို ဒီဇင်ဘာ ၉ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုကြီး(အငြိမ်းစားသံအမတ်ကြီး)နှင့် အတွင်းရေးမှူး ဦးမောင်မောင်တို့က လက်ခံယူစဉ်။**

(က-ပ)



# မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူး၍ (၂၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(A)၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားသို့ အသက်(၇၁)နှစ်ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများ ဖိတ်ကြားစာမရရှိသော်လည်း ပူဇော်ကန်တော့ခံယူကြရန်နှင့် ဆရာဝန်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရုတ်တွင်ကျင်းပမည့် မဲခေါင်ဒေသနိုင်ငံများအစည်းအဝေးအတွက် ဗီယင်ကျန်း၌ ကြိုတင်ညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟန္နိုင်း ဒီဇင်ဘာ ၁၄

**ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များသည် ရှေ့နှစ်၌ တရုတ်နိုင်ငံတွင် ကျင်းပမည့် ဒုတိယ မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေး၏ ရည်မှန်းချက်များနှင့် ဆွေးနွေးမည့်အကြောင်းအရာများကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ တနင်္လာနေ့က စုစည်းဆွေးနွေးကြသည်။**

ဒုတိယအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေး ပြင်ဆင်ရေးအတွက် ဒုတိယအထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပစဉ် ကိုယ်စားလှယ်များသည် အဓိကကျသော လူမှုစီးပွားရေးနယ်ပယ်များတွင် ဒေသဆိုင်ရာ ပိုမိုပူးပေါင်း ဆောင်ရွက်ခြင်းမှတစ်ဆင့် ဂျီအမ်အက်စ် တိုးမြှင့်ရေး ဘက်စုံနည်းလမ်းများကို ဆွေးနွေးကြကြောင်း လာအိုသတင်းရုပ်ကွက်များ ပြောကြားချက်အရ တနင်္လာနေ့က သိရှိရသည်။

## ကျင်းပမည်

ပထမအထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ၂၀၀၄ ခုနှစ် ဇူလိုင်လကုန်ပိုင်း၌ ပေကျင်းတွင်ကျင်းပခဲ့ပြီး ဒုတိယဂျီအမ်အက်စ် ထိပ်သီးအစည်းဝေးကို ၂၀၀၅ ခုနှစ် ဇူလိုင်လ အစောပိုင်း၌ ကူမင်းမြို့တွင် ကျင်းပမည်ဖြစ်သည်။

မဲခေါင်မြစ်ဒေသ ခြောက်နိုင်ငံ ခေါင်းဆောင်များသည် ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၃ရက်၌ ပထမထိပ်သီး အစည်းဝေးကို ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့ရာ အဓိကမှာ စီးပွားရေး ပိုမိုပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန် ဖြစ်သည်။

စီးပွားရေးတိုးတက်စေရန်နှင့် ပိုမိုကြီးပွားချမ်းသာစေရန် ဆောင်ရွက်ရာတွင် ဒေသခွဲစီးပွားရေးပူးပေါင်းမှုနှင့် သာတူညီမျှမှု ရှိစေရန် မဲခေါင်ဒေသခြောက်နိုင်ငံက ၎င်းတို့ပေးထားသော ကတိကဝတ်လုပ်ငန်းများကို ထပ်မံအတည်ပြုခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**



## ဈေးဟောင်းအမွေအနှစ်

**တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန်းပြည်နယ်ရှိ ချူဇီ ကျေးရွာ၌ ဈေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အဆောက်အအုံများကို ဒီဇင်ဘာ ၁၀ ရက်က တွေ့ရစဉ်။** (ယင်းပြည်နယ်၌ မင်မင်းဆက်နှင့် ကျင်မင်းဆက်လက်ထက်က မြေနှင့်သစ်သားတို့ကို အသုံးပြု၍ တည်ဆောက်ခဲ့သည့်အဆောက်အအုံပေါင်း ၃၀၀၀၀ ရှိကြောင်း သိရသည်။) **(ဓာတ်ပုံ–အင်တာနက်)**

# တရုတ်၏ သံရည်ကျိုပုံလောင်းခြင်း နည်းပညာများ လွန်ခဲ့သည့် နှစ် ၂၀၀၀ ခန့်က ဥရောပကို ဦးဆောင်လာခဲ့

ပေကျင်း ဒီဇင်ဘာ ၁၄

**တရုတ်နိုင်ငံသည် ဘီစီ ၅ ရာစုက သတ္တုအရည်ကျိုခြင်းနှင့် သံကြွပ်ပုံလောင်းခြင်းနည်းပညာများ တီထွင်ခဲ့ကြောင်း၊ လွန်ခဲ့သောနှစ် ၂၀၀၀ ကျော်က ဥရောပကို ဦးဆောင်ခဲ့ကြောင်း ပေကျင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ် လက်အောက်ရှိ သတ္တုဆိုင်ရာသမိုင်းသုတေသနဌာနမှ ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။**

## နည်းပညာများစတင်

တရုတ်သည် ဘီစီ ၅ရာစုက သံရည်ကျိုခြင်းနှင့်သံကြွပ်ပုံလောင်းခြင်း နည်းပညာများစတင်ခဲ့ကြောင်း၊ ဥရောပသည် ပြန်လည်ထွန်းကားသည့်ခေတ်အထိတိုင်အောင် ကျွမ်းကျင်စွာ မလုပ်ဆောင်နိုင်သေးကြောင်း အဆိုပါဌာန၏ ညွှန်ကြားရေးမှူးဟောင်း ဟန်ရုဖင်က ပြောကြားသည်။

## ပြောကြားနိုင်

ယင်းကဲ့သို့ ပြောကြားနိုင်ခြင်းသည် တရုတ်နိုင်ငံအလယ်ပိုင်း ဟိုင်းနန် ပြည်နယ် လိုရန်းမြို့ရှိ ဘိလပ်မြေစက်ရုံတစ်ရုံမှ ဓေါ်ပြားများအပါအဝင် သံထည်ပစ္စည်းများ တူးဖော်တွေ့ရှိမှုအပေါ် သုတေသနပြုချက်အရလည်းကောင်း၊ တရုတ်နိုင်ငံအလယ်ပိုင်းယူနန်ပြည်နယ် ချန်ရှာမြို့ရှိ ဈေးဟောင်းအုတ်ဂူများတွင် တွေ့ရသည့် သံဓေါ်ပြားများအပေါ် လေ့လာချက်အရလည်းကောင်း ပြောကြားနိုင်ခြင်းဖြစ်သည်ဟု ဆိုသည်။

သံလိုက်အိမ်မြှောင်ပြုလုပ်ခြင်း၊ ယမ်းမှုန့်ပြုလုပ်ခြင်း၊ စာရွက်ပြုလုပ်ခြင်းနှင့် ပုံနှိပ်ခြင်း သိပ္ပံနည်းပညာ လေးခုကို တရုတ်ပညာရှင်များက အနောက်နိုင်ငံသားများအား ဖြန့်ဝေပေးခဲ့ကြောင်း အဆိုပါဌာနမှ ဒေါက်တာလီရန်ရှင်းက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

# အင်တာနက်မှစာအုပ်များဖတ်ရှုနိုင်ရန် ဂိုဂဲမှစီစဉ်ဆောင်ရွက်ပေးမည်

နယူးယောက် ဒီဇင်ဘာ ၁၅

**ရေပန်းစားသော အင်တာနက်ရှာဖွေရေးဂိုဂဲသည် ယင်း၏စာအုပ်များကို ဖတ်ရှုနိုင်စေရန်အတွက် တက္ကသိုလ်လေးခုနှင့် ပြည်သူ့စာကြည့် တိုက်တစ်ခုနှင့် သဘောတူချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ရဟူးနှင့် မိုက်ခရိုဆော့ဖ်တို့ကို စိန်ခေါ်ရန်ရည်ရွယ်၍ ပါဝင်သည့် အကြောင်းအရာများကို ဒီဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်ရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။**

ကာလီဖိုးနီးယားအခြေစိုက် ဂိုဂဲသည် ဟားဗတ်တက္ကသိုလ်၊ အောက်စဖို့စ်တက္ကသိုလ်၊ မီချီဂန်တက္ကသိုလ်၊ စတမ်းဖို့ခ်တက္ကသိုလ်နှင့် နယူးယောက်ပြည်သူ့စာကြည့်တိုက်တို့နှင့်အတူ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ယင်းစီမံကိန်းကို ငါးနှစ်အတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း ဂိုဂဲအသုံးပြုသူများ ရှာဖွေနိုင်စေရန် ဒေတာဗေ့စ်တစ်ခုကိုလည်း ဖြန့်ဝေမည် ဖြစ်ကြောင်း ဖောဘက်စ်မဂ္ဂဇင်းက ဖော်ပြသည်။

အသုံးပြုကြည့်ရှုသူများသည် စာမူကာကွယ်ရေးမူအရ ဆောင်ရွက်ရန်မရှိဘဲ လုံးဝစာအုပ်များကို ကြည့်ရှုနိုင်ကြမည်ဖြစ်ကြောင်း၊ သို့ရာတွင် စာမူအရ ကာကွယ်ပေးရမည့် စာအုပ်များလည်း ပါရှိမည်ဖြစ်ကြောင်း ဂိုဂဲမှ စာအုပ်ထုတ်ဝေသူများနှင့် သဘောတူညီချက်ပေါ် မူတည်ကြောင်း သိရသည်။ **(ပီတီအိုင်)**




**ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ လျှပ်စစ်ပစ္စည်းအရောင်းဆိုင် တစ်ဆိုင်၌ ဆိုနီကုမ္ပဏီမှထုတ်လုပ်သည့် ကွန်ပျူတာအား ဆိုင်ဝန်ထမ်းတစ်ဦးက အသုံးပြုပုံ လက်တွေ့ပြသရာ ဝယ်ယူသူများ စိတ်ဝင်တစား ကြည့်ရှုနေကြသည်ကို ဒီဇင်ဘာ၁၅ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)



# မလေးရှားနှင့် စင်ကာပူနိုင်ငံ ရုပ်မြင်သံကြားအစီအစဉ် ပူးတွဲထုတ်လွှင့်မည်

ကွာလာလမ်ပူ ဒီဇင်ဘာ ၁၅

**မလေးရှားနှင့် စင်ကာပူတို့သည် နှစ်နိုင်ငံအိမ်နီးချင်း ပြည်သူများအကြား ပိုမိုနားလည်သဘောပေါက်မှုဖန်တီး ဖြစ်ပေါ်စေရန် အနာဂတ်တွင် တီဗွီအစီအစဉ်များ ပူးတွဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။**

## သဘောတူညီ

နှစ်ဖက်သောအစိုးရများသည် မလေးရှားနိုင်ငံ ဘာဟာဆာ၌ ယင်းအစီအစဉ်များထုတ်လုပ်သွားရေး လေ့ကျင့်မှုများပြုလုပ်ရန် အခြေခံအားဖြင့် သဘောတူညီထားကြကြောင်း မလေးရှား ပြန်ကြားရေးဝန်ကြီး အဗ္ဗဒူကာဒီ ယာရှိတ်ဖတ်ဇီရာက ပြောကြားသည်။

## ထုတ်လွှင့်

မလေးရှားတွင် ယင်းကဲ့သို့ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပူးတွဲထုတ်လွှင့်မည့် အချိန်တွင်စရန် ပြည်သူများသို့ ကျန်းမာရေးတန်ဖိုးမြှင့်တင်ရေး ဦးတည်မှုနှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များ ပိုမိုထုတ်လွှင့်သွားမည်ဖြစ်ကြောင်း၊ ၎င်း၏ရုံးတွင် ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် အနုပညာဝန်ကြီး လီဘွန်းရန်း ဦးဆောင်လာသော စင်ကာပူကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံပြီးနောက် သတင်းထောက်များအား ပြောကြားသည်။

## ထောက်ခံ

မိမိအနေဖြင့် အဗ္ဗဒူခါဒီယာ၏ ကမ်းလှမ်းချက်ကို အပြည့်အဝထောက်ခံကြောင်း၊ နှစ်နိုင်ငံလုံးက တီဗွီအစီအစဉ်များ ထုတ်လွှင့်ပေးခြင်းဖြင့် ဒေသဆိုင်ရာဗဟုသုတများ တိုးပွားလာစေမည်ဖြစ်ကြောင်း လီကပြော ကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဝေရတ်တောင်ထိပ်မှအမှိုက်များ ကောက်ရန်သွားမည်

ပေကျင်း ဒီဇင်ဘာ ၁၄

**တိဗက်လူမျိုး စေတနာ့ဝန်ထမ်းများသည်အမှိုက်များကောက်ရန်အတွက် ကမ္ဘာ့အမြင့်ဆုံး ဧဝရတ်တောင်ထိပ်သို့ ခရီးသွားရန် စီစဉ်လျက်ရှိသည်။**

တိဗက်လူမျိုးများသည် ပတ်ဝန်းကျင်ကာကွယ်ရေး ကျွမ်းကျင်သူများနှင့်အတူ ပင်လယ်ပြင်အထက် မီတာ ၆၅၀၀(ပေ ၂၁၃၀၀)နှင့် မီတာ ၈၀၀၀ အကြားရှိ ဧဝရတ်တောင်ပေါ်တွင် အမှိုက်များကို ရှင်းလင်းရန်အတွက် လာမည့်သုံးနှစ်ကျော်တွင် အလုပ်လုပ်ကြမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

ဧဝရတ်တောင်သည် ၁၉၂၀ပြည့်နှစ်များကတည်းက ၎င်း၏တောင်ထိပ်၌ မြေစမ်းခရမ်းပျိုး ကြိုးပမ်းမှုများကြောင့် အမှိုက်များပြန့်ကျဲလျက်ရှိခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

# ကင်ဆာ ဟုတ်မဟုတ် သွားရည်အသုံးပြု အကဲဖြတ်နိုင်

လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၁၅

**လူတစ်ဦးတစ်ယောက်သည် ကင်ဆာဖြစ်သည်၊ မဖြစ်သည်ကို အကဲဖြတ်ရန် သွားရည်ကို အသုံးပြုနိုင်သည့်ပြင် သွားရည်သည်အခြားကင်ဆာနှင့်ရောဂါများအတွက် အားထားလောက်သော အညွှန်းပစ္စည်းတစ်ခုလည်း ဖြစ်ဖွယ်ရှိကြောင်း သုတေသီများက ဗုဒ္ဓဟူးနေ့၌ ပြောကြားခဲ့ကြသည်။**

## အသုံးပြုနိုင်

အဆိုပါသုတေသနပြုချက်ကို လော့စ်အိန်ဂျလိစ်ရှိကာလီဖိုးနီးယား တက္ကသိုလ်၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သွားရည်တွင်ရှိသော အာအင်အေဇီဝ ပစ္စည်းကို ကင်ဆာရောဂါရှာဖွေရာ၌ ကုန်ကျစရိတ် မများစေရန် အသုံးပြုနိုင်ကြောင်း ပထမသက်သေကို ထူနိုင်ခဲ့သည်ဟု သုတေသီ ဒေါက်တာဒေးဗစ်ဝေါင်က ပြောကြားသည်။

## လမ်းညွှန်ချက်သစ်

ကင်ဆာဝေဒနာရှင် ၁၀ ဦးတွင် ကိုးဦးသည် ကင်ဆာဝေဒနာရှင် ဖြစ်ကြောင်း စူးစမ်းလေ့လာတွေ့ရှိရသည်ဟု ကင်ဆာသုတေသန ဆေးဝါးကုသမှုဌာနက ပြောကြားသည်။ သွားရည်ကို အိပ်ချ်အိုင်ဗွီ အပါအဝင်ရောဂါများကို အကဲဖြတ်ရာတွင် အသုံးပြုနေပြီဖြစ်သည်။ ယခုကဲ့သို့ ကင်ဆာအပြင် အခြားကင်ဆာများအား အကဲဖြတ်ရာ၌ သွားရည်ကိုအသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိချက်သည် လမ်းညွှန်ချက်သစ်ဖြစ်ကြောင်း ဒေါက်တာဝေါင်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး တိုက်ပွဲအတွင်း သေဆုံး အန်ဘာပြည်နယ်၌ လွန်ခဲ့သောသုံးရက်အတွင်း ၁၀ ဦးသေဆုံးခဲ့

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၆

**အခြေအနေတည်ငြိမ်မှုမရှိသော အီရတ်နိုင်ငံအနောက်ပိုင်းရှိ အန်ဘာပြည်နယ်တွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး တိုက်ပွဲ၌သေဆုံးသွားခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက အင်္ဂါနေ့၌ ပြောကြားသည်။**

လွန်ခဲ့သည့် သုံးရက်အတွင်း အဆိုပါဒေသ၌ သေဆုံးသော အမေရိကန် မရိန်းတပ်ဖွဲ့ဝင် အရေအတွက်သည် ယခုအခါ ၁၀ ဦးရှိသွားပြီဖြစ်ကြောင်း စစ်ဘက်က ပြောကြားသည်။

**ဖော်ပြ**

ဘဂ္ဂဒက်အနောက်ဘက် အန်ဘာပြည်နယ်တွင် လုံခြုံရေးနှင့် အခြေအနေတည်ငြိမ်မှုရှိရေးအတွက် ဆောင်ရွက်စဉ် တနင်္လာနေ့က တိုက်ပွဲဖြစ်ပွားပြီး မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။

**အများဆုံး**

အန်ဘာပြည်နယ်၌ တနင်္ဂနွေနေ့ကဖြစ်ပွားသည့် တိုက်ပွဲတွင် မရိန်းတပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံးခဲ့ရာ ဖလူးဂျာ၌ အောက်တိုဘာ ၃၀ ရက်၌ ကားဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်ရှစ်ဦးသေဆုံးခဲ့ချိန်မှစပြီး အများဆုံးသေဆုံးသောနေ့ဖြစ်သည်။

စနေနေ့ကလည်း အခြားမရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရာ အန်ဘာပြည်နယ် မည်သည့်နေရာ၌ ထိုမရိန်းတပ်ဖွဲ့ဝင် သေဆုံးသည်ဆိုသည်ကို အတိအကျမသိရဟု ဆိုသည်။ **(အင်တာနက်)**



**ဘဂ္ဂဒက်မြို့ အစိမ်းရောင်နယ်မြေရှိ စစ်ဆေးရေးစခန်းတစ်ခုတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ဆေးကုသမှုခံယူနေသည်ကို ဒီဇင်ဘာ ၁၄ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

# ဒီဇင်ဘာ ၁၅ ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၃၀၃ ဦးရှိပြီ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၆

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ခုနှစ် မတ် ၂၀ ရက်က စတင်ပြီးဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။**

ဒီဇင်ဘာ ၁၅ရက် ဗုဒ္ဓဟူးနေ့၌ အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၃၀၃ ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၁၀၁၉ ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။

**သေဆုံး**

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒိုး၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

**ပြောကြား**

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၁၁၆၅ ဦးဖြစ်ပြီး ယင်းအနက် ၉၁၀ မှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# လက်တင်အမေရိကနှင့်ကာရစ်ဘီယံဒေသ ကမ္ဘာ့ရာသီဥတုပူနွေးမှုဒဏ် ပိုမိုခံစားနေကြရ

ဗျူနိုအေရီ ဒီဇင်ဘာ ၁၅

**လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတို့သည် ကမ္ဘာ့ရာသီဥတုပူနွေးမှုဒဏ် ပိုမိုခံစားနေကြရပြီး ဆီလျော်မှန်ကန်သောလုပ်ငန်းများ မဆောင်ရွက်မှုကြောင့် အခြေအနေမှာ ပိုဆိုးလာရန်ရှိသည်ဟု ကျွမ်းကျင်သူများက စနေနေ့၌ သတိပေးပြောကြားခဲ့သည်။**

လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသ ရာသီဥတုပြောင်းလဲမှုကို ကျင်းပနေသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကမ္ဘာ့အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ၌ ဖော်ပြခဲ့သည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကမ္ဘာ့အစည်းအဝေးကို ဗျူနိုအေရီ၌ ၁၂ ရက်ကြာ ကျင်းပခဲ့ရာ သောကြာနေ့က ပြီးဆုံးခဲ့သည်။

ဖန်လုံအိမ်ဓာတ်ငွေ့များကြောင့် ရာသီဥတုပြောင်းလဲမှုသည် လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသ၌ ဆိုးရွားသောအကျိုးဆက်များကို ဖြစ်ပေါ်စေမည်ဟု ကျွမ်းကျင်သူများက ယုံကြည်ထားကြသည်။ လက်တင်အမေရိကတွင် ထုတ်လွှတ်သည့် ဖန်လုံအိမ်ဓာတ်ငွေ့များ၏ ၇၀ ရာခိုင်နှုန်းခန့်ကို ဘရာဇီး၊ ဗင်နီဇွဲလားနှင့် အာဂျင်တီးနားနိုင်ငံတို့က ထုတ်လွှတ်ခြင်းဖြစ်ကြောင်း သိရသည်။

လက်တင်အမေရိက၏ စက်မှုလုပ်ငန်းမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် တစ်ကမ္ဘာလုံးက ထုတ်လွှတ်မှု၏ ၄ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဗြိတိန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်း ယခုနှစ် နိုဝင်ဘာလအတွင်း၌ အမြင့်ဆုံးဖြစ်ခဲ့

လန်ဒန် ဒီဇင်ဘာ ၁၅

**ဓာတ်ဆီဈေးနှုန်းများ မြင့်တက်မှုနှင့် လေယာဉ်ခများ ကြီးမြင့်မှုတို့က ဗြိတိန်နိုင်ငံ၏ ငွေကြေးဖောင်းပွနှုန်းကို ယခုနှစ် နိုဝင်ဘာလအတွင်း၌ ငါးလအတွင်း အမြင့်မားဆုံးဖြစ်စေခဲ့သည်ဟု အင်္ဂါနေ့က ထုတ်ပြန်သော တရားဝင်ကိန်းဂဏန်းများက ဖော်ပြခဲ့ကြသည်။**

လူသုံးကုန်ပစ္စည်းဈေးနှုန်းများ အညွှန်းကိန်း(စီပီအိုင်)သည် နိုဝင်ဘာလအတွင်း၌ ၀ ဒသမ ၅ ရာခိုင်နှုန်း အောက်တိုဘာလထက် မြင့်တက်ခဲ့ပြီး နှစ်ပတ်လည် ငွေကြေးဖောင်းပွနှုန်းမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်ဟု အမျိုးသား စာရင်းဇယား (အိုအင်န်အက်စ်) ရုံးက ပြောကြားသည်။

**မြင့်တက်**

နိုဝင်ဘာလအတွင်း၌ ပို့ဆောင်ရေး စရိတ်စခများသည် သိသိသာသာ မြင့်တက်ခဲ့ရာ အဓိကအားဖြင့် လေယာဉ်ခများနှင့် ဓာတ်ဆီဈေးနှုန်းများ မြင့်တက်ခြင်းသည် လူသုံးကုန်ပစ္စည်းဈေးနှုန်း အညွှန်းကိန်း(စီပီအိုင်) တက်ရခြင်း၏အကြောင်းရင်းဖြစ်ကြောင်း အိုအင်န်အက်စ်ကပြောကြားသည်။

**စံချိန်တင်**

အစားအစာ အထူးသဖြင့် အသီးအနှံအချို့၊အထည်အလိပ် ဈေးနှုန်းများ မြင့်တက်မှုသည်လည်း နိုဝင်ဘာလအတွင်း၌ ထူးခြားစွာ စံချိန်တင်ခဲ့သည်ဟု သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အလာစကာကမ်းလွန်၌ ပျောက်ဆုံးနေသော သင်္ဘောသားခြောက်ဦးအား ကယ်ဆယ်ရေးရပ်ဆိုင်း

အန်ကာရေ့ချ်(အလာစကာ) ဒီဇင်ဘာ ၁၅

**အလာစကာကျွန်းကမ်းလွန်တွင် သင်္ဘောပျက်ရာမှ ပျောက်ဆုံးနေသော သင်္ဘောသားခြောက်ဦးအား ရှာဖွေရေးလုပ်ငန်း ရပ်ဆိုင်းလိုက်ကြောင်း တာဝန်ရှိသူတစ်ဦးက စနေနေ့၌ ပြောကြားသည်။**

ပင်လယ်ရေပြင် အအေးဒီဂရီ ၄၃ ဖာရင်ဟိုက် (၆ ဒီဂရီစင်တီဂရိတ်)ရှိရာ သင်္ဘောသားများ၏ အသက်ရှင်ရေး အခွင့်အလမ်းမှာ မရှိသလောက်ဖြစ်ကြောင်း အလာစကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အရာရှိ မာတီအာလီက ပြောကြားသည်။

မလေးရှားအလံလွှင့်ထူထားသော အဆိုပါသင်္ဘောသည် အလာစကာ ကမ်းလွန်ပင်လယ်ပြင်၌ သောင်တင်သွားပြီးနောက် ဗုဒ္ဓဟူးနေ့ညပိုင်းတွင် နှစ်ပိုင်းကွဲသွားခဲ့ပြီး သင်္ဘောသားခြောက်ဦး ပျောက်ဆုံးနေခဲ့သည်။ ပျောက်ဆုံးနေသော သင်္ဘောသားငါးဦးမှာ အိန္ဒိယမှဖြစ်ကြပြီး တစ်ဦးမှာ ဖိလစ်ပိုင်မှဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**



## ကင်းလှည့်

**ဖလူးဂျာမြို့တွင် စစ်ယာဉ်တစ်စီးနှင့် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဒီဇင်ဘာ ၁၄ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

# ကမ္ဘာ့ငှက်မျိုးစိတ်အားလုံး၏ ၁၀ ရာခိုင်နှုန်း ယခုရာစုနှစ်ကုန်ပိုင်းတွင် ပျောက်ကွယ်ဖွယ်ရှိ

ဝါရှင်တန် ဒီဇင်ဘာ ၁၅

**ယခုရာစုနှစ်ကုန်ပိုင်းတွင် ငှက်မျိုးစိတ်အားလုံး၏ ၁၀ရာခိုင်နှုန်းပျောက်ကွယ်သွားရန်ရှိကြောင်းနှင့် ၎င်းတို့နှင့်အတူ တိရစ္ဆာန်အသေကောင်များ ရှင်းလင်းရေးနှင့် မျိုးစိတ်ပြန့်ပွားရေးကဲ့သို့ ၎င်းတို့၏ ဆောင်ရွက်မှုများလည်း ပျောက်ကွယ်သွားဖွယ်ရှိမည်ဖြစ်ကြောင်း အမေရိကန်သုတေသီများက တနင်္လာနေ့၌ ပြောကြားသည်။**

လုပ်ဆောင်နေသော ထိန်းသိမ်းရေးလုပ်ငန်းများ၊ ရာသီဥတုနှင့် ပတ်ဝန်းကျင်ပြောင်းလဲမှုက ၂၁၀၀ ပြည့်တွင် ငှက်မျိုးစိတ် ၁၂၀၀ ထက်မနည်း ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ်ရှိ စတင်ဖို့ဒ် တက္ကသိုလ် သုတေသီများအဖွဲ့က ပြောကြားသည်။

**ခန့်မှန်း**

၁၅၀၀ ပြည့်နှစ်ကစပြီး ငှက်မျိုးစိတ်များ၏ ၁ ဒသမ ၃ ရာခိုင်နှုန်းသာ မျိုးတုံးပျောက်ကွယ်ခဲ့သည် ဆိုသော်လည်း ထိုကာလအတွင်း တစ်ကမ္ဘာလုံး၌ ငှက်မျိုးစိတ်တစ်ခုချင်းအလိုက် အကောင်ရေလျော့ကျမှုသည် ၂၀ မှ ၂၅ ရာခိုင်နှုန်းရှိသည်ဟု ခန့်မှန်းရရှိကြောင်း သုတေသီများ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

သက္ကရာဇ် ၂၁၀၀ ပြည့်တွင် ငှက်မျိုးစိတ်အားလုံး၏ ၁၄ ရာခိုင်နှုန်း မျိုးတုံးပျောက်ကွယ်ဖွယ်ရှိရာ ငှက်မျိုးစိတ် လေးမျိုးတွင် တစ်မျိုး ပျောက်ကွယ်မည်ဖြစ်သဖြင့် ငှက်မျိုးစိတ်များအတွက် ဆိုးရွားသော အန္တရာယ်ပင်ဖြစ်ကြောင်း စတင်ဖို့ဒ်တက္ကသိုလ်မှ သုတေသီ ကာဂန်စီကာစီအိုဂလူက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

■ *ကျောဖုံးမှ*

အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ဒုတိယဝန်ကြီးများ၊ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံရုံးအဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းရင်းဆေး ကောင်စီဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းမှ တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးဝါးစစ်ဆေးရေး ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုအသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးသုတေသီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒေါ်သန်းသန်းဝင်းက ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေညာသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းရင်းဆေးသမားတော်ကြီးများဖြစ်ကြသည့် ဦးဉာဏ်လွင်၊ ဆရာကြီးဦးဌေးမြင့်နှင့်ဆရာကြီးဦးသန်းညွန့်(ကျောက်ပန်းတောင်း)တို့က ပဉ္စမအကြိမ်တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ၌ ဖွင့်လှစ်ပြသထားသော ဗဟိုပြကွက်၊ ဝန်ကြီးဌာနပြခန်းများ၊ ပုဂ္ဂလိက တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများနှင့် တိုင်းရင်းဆေးရောင်းဝယ်ရေးလုပ်ငန်းများ၏အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပဉ္စမအကြိမ် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲတွင် တပ်မတော်ခန်းမအလယ်ဗဟို၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပဉ္စမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ၌ ဖွင့်လှစ်ပြသထားသော အရောင်းပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပုံတူပန်းချီကားချပ်နှင့် လမ်းညွှန်မြွက်ကြားချက်မှကောက်နုတ်ချက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့၏ပုံတူပန်းချီကားနှင့် အမှာစကားကောက်နုတ်ချက်များကို ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသထားသည်။

## ခင်းကျင်းပြသ

တပ်မတော်ခန်းမ၏ လက်ဝဲဘက်ခြမ်းရှိ သစ်တောရေးရာဝန်ကြီးဌာနပြခန်း၌ သစ်တောဦးစီးဌာန၏ ဆေးဖက်ဝင်အပင်များနှင့် ပတ်သက်သည့်ဆောင်ရွက်ချက်များ၊ မြန်မာ့သစ်တောအမျိုးအစားများနှင့် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ အဖိုးတန်သစ်တောများမှ ထွက်ရှိသော ဆေးဖက်ဝင် အပင်များကို ဓာတ်ပုံများ၊ စာရင်းဇယားမြေပုံကားချပ်များ၊ ဆေးဖက်ဝင်အပင်နှင့် အပင်ထွက်ပစ္စည်းများဖြင့် လည်းကောင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနပြခန်း၌ ဆေးဖက်ဝင်အပင်များဖြစ်သည့် နဂါးစကြာ၊ ကမ္ဘာဦးအပင်၊ ရှိန်းခို(တောရှိန်းခို)၊ ရေခဲတောင်ထင်ရှူး(ဟုန်တိုရှမ်း)အပင်များ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနကထုတ်လုပ်သော သဘာဝဗီတာမင်စီဆေးပြား၊ ငှက်ဖျားကျဆေး၊ သွေးတိုးကျဆေးပြားများကို လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၌ စပါးလင်ဆီမွှေး၊ ဆေးခါးကြီး၊ ဆူးပန်းတောင်း၊ ငရုတ်ကောင်း၊ လေးညှင်း၊ ကြာမုတ်ဆိတ်၊ စင်ကိုနာ၊ ငှက်ဖျားပျောက်ဆေး၊ ရှားစောင်းလက်ပတ်၊ ဇာတိပ္ဖိုလ်၊ တောရှိန်းခို၊ နတ်ဆေးဂမုန်း၊ ပိတ်ချင်းစသည့် ဆေးဖက်ဝင်ပစ္စည်းများနှင့် အသုံးဝင်ပုံတို့ကို လည်းကောင်း ခင်းကျင်းပြသထားသည်။

တပ်မတော်ခန်းမ၏ လက်ယာဘက်ခြမ်း၌ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ ပြခန်း၌ ငှက်ဖျား၊ သွေးတိုး၊ ဆီးချို၊ ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်၊ အဆုတ်နာစသည့် ရောဂါများ ပျောက်ကင်းစေသည့် ဆေးဖက်ဝင်ပရဆေးပင်များ၊ အမျိုးသားဆေးပညာ အမွေပေးရာဖြစ်သည့် တိုင်းရင်းတက္ကသိုလ်(တိုင်းရင်းဆေးတက္ကသိုလ်)များ၏ ရောင်စုံဓာတ်ပုံများကိုလည်းကောင်း၊ မြန်မာ့တိုင်းရင်းဆေးဆရာအသင်းပြခန်း၌ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)နှင့် ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းဆေးဆရာအသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အသင်းအဆင့်ဆင့် ဖွဲ့စည်းပုံ၊ အသင်းသားအင်အားနှင့် စာရင်းဇယားများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) တိုင်းရင်းဆေးသုတေသနပြခန်း၌ တိုင်းရင်းဆေးသုတေသနဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် ပြုလုပ်ခဲ့သော ပါရဂူဘွဲ့နှင့် မဟာသိပ္ပံဘွဲ့ကျမ်းကြီးများ၊ ဆေးဝါး အာနိသင်ရှိသည့် သုတေသနပြုလုပ်ပြီးပြုလုပ်ဆဲဖြစ်သော တိုင်းရင်းဆေးပင်များ၊ မီးဖိုချောင်သုံး စားသောက်ပစ္စည်းများမှ ဆေးဖက်ဝင်အပင်များ အပါအဝင် အခြားပရဆေးပင်များနှင့် ဦးစီးဌာန၏ ဆောင်ရွက်ချက်များကိုလည်းကောင်း စုံလင်စွာ ခင်းကျင်းပြသထားသည်။

## ခမ်းနားထည်ဝါစွာ

ပဉ္စမအကြိမ် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ၌ ပုဂ္ဂလိက တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများနှင့် တိုင်းရင်းဆေးကုနှင့် အရောင်းပြခန်းများဖြစ်သည့် ဂရိတ်ဝေါ၊ ထွန်းရွှေဝါ၊ မှန်ချို့ဖြူစင်မေတ္တာ၊ မောရိယ၊ လူပုံတော်ပတ္တမြား (ဦးသိန်းဌေး)၊ လူပုံတော်ပတ္တမြား(ဦးအောင်မြင့်)၊ ဝါဇီကရဏ၊ ဦးဘညိန်၊ နန်းတွင်းသမားတော်ကြီး၊ သြဘာ၊ ရှမ်းဆေးဆရာကြီးဦးစိုင်း၊ ရွှေရည်ဝင်း၊ ထက်လင်း၊ ရွှေဆင်ပျံ၊ ဒေါ်နု၊ နန်းဝင်းပတ္တမြား၊ စိန်ဆင်တုံးမနွယ်၊ ရွှေသမင်၊ ကံသာ၊ ဆင်ခြောက်ကောင်၊ ဆန္ဒမွန်၊ အဝေရာ၊ ပီပီ၊ သာရာ၊ ရခိုင်ကြီး၊ ရွှေယောကျ်ား၊ ဝိဇ္ဇာမျက်လုံး၊ ကျော်ဆေးဝါးထုတ်လုပ်ရေး၊ ရုပ်ပျို၊ ရွှေသမင်၊ မြဝတီတောင်ဆိတ်မင်း၊ ဂဠုန်ရာဇာ၊ စိန်ဘယက်နှင့် ဒေဝယက္ခ စသည့် အရောင်းပြခန်းများနှင့် ဝန်ကြီးဌာနပြခန်းများ အပါအဝင် စုစုပေါင်း ပြခန်း ၁၃၄ ခန်းတို့ဖြင့် ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသထားသည်။

အဆိုပါ ပဉ္စမအကြိမ် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲကို ယနေ့မှ ဒီဇင်ဘာ၂၅ရက်အထိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသသွားမည်ဖြစ်ရာ မည်သူမဆိုလာရောက်ကြည့်ရှုလေ့လာဝယ်ယူ အားပေးနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



**ပဉ္စမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် မှန်ချို့ဆေးတိုက်မှ အစွမ်းထက် တိုင်းရင်းဆေးအမျိုးမျိုးကို ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။** (မြန်မာ့အလင်း)

# မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ စာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ပဉ္စမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အဆိုပါ စာတမ်းဖတ်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းရင်းဆေးကောင်စီဝင် သမားတော်ကြီးများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)မှ သမားတော်ကြီးများ၊ ညီလာခံကျင်းပရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တိုင်းရင်းဆေးတက္ကသိုလ်တို့မှ တာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲ သဘာပတိအဖြစ် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပါမောက္ခဒေါက်တာမောင်မောင်ဝင့်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန သုတေသနနှင့် ဖွံ့ဖြိုးရေးဦးစီးအရာရှိ ဦးဝေဝင်းက ဆောင်ရွက်သည်။

## ဖတ်ကြားတင်သွင်း

ထို့နောက် စာတမ်းရှင်များဖြစ်ကြသော ရှမ်းပြည်နယ် တောင်ကြီးမြို့ မြန်မာ့တိုင်းရင်းဆေးပြည်နယ်ဦးစီးမှူး ဦးတင်မောင်လေးက ‘ရှမ်းပြည်နယ်(တောင်ပိုင်း)ရွာငံမြို့နယ်တွင် တွေ့ရှိရသော တပင်တိုင်မြနန်းဆေးပင်အားကွင်းဆင်းလေ့လာခြင်း’စာတမ်း၊ မန္တလေးတိုင်း ညောင်ဦးမြို့နယ်မှ ဦးလှကြိုင်က ‘ရေငတ်ကျင်ပြောရောဂါအတွက် ရိုးရာဆေးတစ်လက်’စာတမ်း၊ ရန်ကုန်တိုင်း အလုံမြို့နယ်မှ ဒေါ်ရွှေသဇင်ကြည်က ‘ကလေးသူငယ်များနှင့် ဆိုင်သော သူငယ်နာကိစ္စ’စာတမ်းနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း မန္တလေးတိုင်းခွဲမှ အလုပ်အမှုဆောင် ဦးမျိုးမြင့်က ‘တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် ၂၈ သက်ရင်းကလာပ်ဆေးဖြင့် ဝက်ရူးရောဂါ၏ အတက်ကျမှုကို လေ့လာခြင်း’ စာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲတွင် တင်သွင်းသည့် စာတမ်းရှင်များ၏ စာတမ်းများအပေါ် အကြံပြုဆွေးနွေးကြပြီး ပထမနေ့စာတမ်းဖတ်ပွဲကို ရပ်နားလိုက်သည်။

အဆိုပါ စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၁၇ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

**ပဉ္စမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ စာတမ်းဖတ်ပွဲ ပထမနေ့တွင် သဘာပတိအဖြစ် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်က ဆောင်ရွက်စဉ်။** (သတင်းစဉ်)





# ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်လမ်းများ စီမံချက်ဖြင့် စနစ်တကျဖောက်လုပ်

ရန်ကုန် ဒီဇင်ဘာ ၁၆

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၄ ရက်တွင် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်မြင့်ဒွေးက ဇရာဝတီတိုင်း ဓနုဖြူမြို့နယ်အပိုင်း စံကင်း-ကလော့သော့ကျေးလက်လမ်း ကျောက်ခင်းထားမှု အခြေအနေများကို မြေပုံကားချပ်ဖြင့်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက တော်လတီမှစံကင်းအထိ မိုးရာသီတွင် ပျက်စီးမှုအပိုင်းကို အမြန်ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။**

**အချိန်မီ**

ဆက်လက်၍ မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့်ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးကဒေသအတွင်းပြည်သူများ သွားလာမှု လွယ်ကူစေရေးအတွက် လမ်း၊တံတားများကို သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ရွှေမြင်တင် ဘုရား လမ်းအရှည် ပေ ၈၀၀၀၊ အကျယ် ၁၀ ပေ ကတ္တရာခင်းခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)**ကျေးလက်နေပြည်သူများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသလမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်မှုသည် အရေးပါသဖြင့် ကျေးလက်လမ်းများကိုစီမံချက်ဖြင့် စနစ်တကျ ဖောက်လုပ်သွားကြရန် မှာကြားသည်။

**ဝိုင်းဝန်းထိန်းသိမ်း**

ဆက်လက်၍ ဝန်ကြီးသည် ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာသို့ရောက်ရှိပြီး သိမ်ကုန်းကျေးရွာ ဓမ္မာရုံတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်က တာဝန်ယူပြီး ကွက်လပ်မကျန်အောင် လုပ်ဆောင်ပေးနေကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို သားစဉ်မြေးဆက်ခံစားနိုင်အောင် နိုင်ငံတော် အကြီးအကဲက စေတနာထားပြီးလုပ်ဆောင်နေကြောင်း၊ဝန်ကြီးဌာနအနေဖြင့်လည်း ကျေးလက်ဒေသအတွင်းလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးကိုအဓိက လုပ်ဆောင်ပေးနေကြောင်း၊ ကျန်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ပါဝင်ဆောင်ရွက်ပေးနေသဖြင့် ဒေသနေပြည်သူများက ဆောင်ရွက်ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းကြရန် ပြောကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက်ဝန်ကြီးသည်ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ညောင်တုန်းမြို့ (၈)ရပ်ကွက်ကို ညောင်တုန်း-ရန်ကုန် ကားလမ်းမနှင့် ဆက်သွယ်သည့် ရွှေလင်းယုန်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရာသီမရွေး သွားလာနိုင်သော လမ်းဖြစ်အောင် ဆောင်ရွက်ရေးမှာကြားကာ ဒေသနေပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယနိုင်ငံ **The Printers House PVT., Ltd. Orient Web Offset Presses** မှ **Area General Manager (AGM) Mr. Yogesh Kharbanda** လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယနိုင်ငံကုမ္ပဏီ အထွေထွေမန်နေဂျာ ဂါရဝပြုတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁၆

**ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယနိုင်ငံ The Printers House PVT., Ltd. Orient Web Offset Presses မှ Area General Manager (AGM) Mr. Yogesh Kharbanda သည် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး ဧည့်ခန်းသို့ လာရောက်ဂါရဝပြုတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှဌာနဆိုင်ရာအကြီးအကဲများ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**



# မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဘဏ်ခွဲများ ငွေသွင်း၊ငွေထုတ်လုပ်ငန်းစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းသည် အထွေထွေ မန်နေဂျာများနှင့်အတူ ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၄) သို့ သွားရောက်ပြီး ဘဏ်ခွဲ(၄)တွင် ယနေ့မှစ၍ Online Computer System ဖြင့် ဆောင်ရွက်လျက်ရှိသော ငွေသွင်းငွေထုတ်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)၊ ဘဏ်ခွဲ(၃)၊ ငွေစုဘဏ်ခွဲ(၁) ရန်ကုန်၊ ငွေစုဘဏ်ခွဲ(၃) ရန်ကုန်နှင့် ဘဏ်ခွဲ(၁) မန္တလေးတို့တွင် Online Computer System ဖြင့် ငွေသွင်း ငွေထုတ် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ (၄)ရန်ကုန်တွင်လည်း ငွေသွင်း၊ ငွေထုတ် လုပ်ငန်းများ ပိုမိုလျင်မြန်သွက်လက်လာစေရန် ခေတ်မီနည်းစနစ်ဖြစ်သည့် Online Computer System ဖြင့် မကြာမီကာလအတွင်း ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖျာပုံအသင်းနှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ (၃၈)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ဗဟန်းကြားတောရလမ်း သမဝါယမဝန်ကြီးဌာန ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ ဖျာပုံမိသားစုဝင်များ (အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ) မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားသည်။ ဂုဏ်ပြုဆုပေးပွဲကိုလည်း တစ်ပါတည်းကျင်းပမည်ဖြစ်သဖြင့် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်ထူးချွန်အောင်မြင်ခဲ့ကြသော မိသားစုဝင်များ၏ သားသမီးများသည် ဒီဇင်ဘာ ၂၈ရက် နောက်ဆုံးထား၍ ဖျာပုံမြို့နယ်အသင်းတိုက် အမှတ် ၃၀ ဘိုကလေး ဈေးလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၉၁၀၈၃ သို့ ဆက်သွယ်ပေးပို့ကြရန်ဖြစ်သည်။

**(က-ပ)**

# ကျောက်တံခါးအထက အာစရိယပူဇော်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်း ကျောက်တံခါးမြို့ အခြေခံပညာအထက်တန်းကျောင်းသားကျောင်းသူဟောင်းများ၏ အဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၉ ရက်(တနင်္ဂနွေနေ့) တွင် ကျင်းပမည်ဖြစ်ရာ ကျောက်တံခါးအထကတွင် အနည်းဆုံးသုံးနှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ကြသည့် အသက် (၆၀) ပြည့် ဆရာကြီးဆရာမကြီးများနှင့် ရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများအား ကြွရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

လှူဒါန်းလိုသူများသည် ဦးဇော်တင့် (ရန်ကုန်) ဖုန်း-၀၁-၂၄၉၈၉၂၊ ၀၉-၈၀-၃၃၁၉၅၊ ဦးစိုးဝင်း ရန်ကုန် ဖုန်း-၀၁-၂၉၀၂၄၅၊ဦးအေးလွင် (မန္တလေး) ဖုန်း-၀၂-၈၈၅၇၈နှင့် ဦးစိုးမိုးဝင်း (ပဲခူး) ဖုန်း-၀၅၂-၂၁၀၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**ဒီဇင်ဘာ ၁၆ ရက်က မြန်မာနိုင်ငံ ကုန်သည်များနှင့် ထိုင်းနိုင်ငံ ကုန်သည်များ စီးပွားရေးလုပ်ငန်းရှင်များ တိုက်ရိုက်စီးပွားရေးဆက်သွယ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ခင်းကျင်းပြသည့် (၁၀)ကြိမ်မြောက် ထိုင်းနိုင်ငံ ကုန်စည်ပြပွဲ(၂၀၀၄) ပြခန်းများတွင် ကုန်သည်ကြီးများနှင့် စီးပွားရေး လုပ်ငန်းရှင်များ အားပေးကြည့်ရှုကြစဉ်။** (က-ပ)

# စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးစည်ပင်ရေးအတွက် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း အမှတ်စဉ် (၄/၂၀၀၄) ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက်က အဆိုပါ ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနား၌ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့် တက်ရောက်၍ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

သင်တန်းမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၄၈ ဦးတက်ရောက်၍ နယ်မြေစာကြည့်တိုက်များသို့ လက်တွေ့ ကွင်းဆင်းလေ့လာရေးခရီးစဉ်များ ပါဝင်သည်။

**(မြို့နယ် ပြန်/ဆက်)**



**ဒီဇင်ဘာ ၁၆ ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် မင်းကျောင်းလမ်းရှိ ရန်ကုန်မြို့သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ခုနစ်ရက် တရားစခန်းတွင် ရိပ်သာဆောက်လုပ်နိုင်ရန် အတွက် အမှတ်(၃) သမာဓိလမ်း ရန်ကင်းမြို့နယ်နေ ဦးဘဟန် ဇနီး ဒေါ်ခင်အေးမိသားစုက အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးမျိုးမြင့် လက်ခံယူစဉ်။**

(က-ပ)



# စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် ဒီဇင်ဘာ ၁၆

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် မြန်မာနိုင်ငံတွင်ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Logistics Department မှ Deputy Chief ဖြစ်သူ Lieutenant General Sun Zhiqiang ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။** (အောက်ပုံ)



### တက်ရောက်

ဂုဏ်ပြုညစာစားပွဲသို့ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Li Jinjun၊ စစ်သံမှူး Senior Colonel,Ma Shoudong နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ကရဝိက်နန်းတော်မှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေသည်။

### မှတ်တမ်းဓာတ်ပုံရိုက်

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Logistics Department မှ Deputy Chief ဖြစ်သူ Lieutenant General Sun Zhiqiang က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ကာ အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

## ဘုရားဖြူစာတော်ပြန်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီးက ကြီးမှူးကျင်းပသော (၇၃)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲကို ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်တွင် ဒီဇင်ဘာ ၁၈ရက်(စနေနေ့)မှ ၂၆ရက်(တနင်္ဂနွေနေ့)အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းနှင့် မွေးနေ့ပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇၉)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဒီဇင်ဘာ ၂၆ရက်မှ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၃ရက်အထိ ကျင်းပမည် ဖြစ်သည်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ မွေးနေ့ကျေးဇူးဂုဏ်ကို အာရုံပြု၍ ဒီဇင်ဘာ ၂၆ရက် နံနက်၇နာရီမှစ၍ မွေးနေ့ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ကြေးပိဋကတ်တော်ရေစက်ချပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ကြားတောရရပ်ကွက် ကျောင်းတော်ရာရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း၌ နာယက ဆရာတော်ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)နှင့် သာသနာရေးဦးစီးဌာန စာပြင်မှူး ဆရာဦးသန်းကျော်(စာရေးဆရာ ခိုင်မြဝါ)၊ ကွန်ပျူတာပညာရှင် ဆရာဦးအောင်စည်ဟိန်း စသောပညာရှင်များအဖွဲ့မှ ဆဋ္ဌသင်္ဂါယနာမူ ပါဠိပိဋကတ်တော်စာအုပ်ကို စာရွက်စာသားမှ ကြေးပြားချပ်ပေါ်တွင် ရေးထွင်းပြီး(ကြေးပိဋကတ်တော်)အဖြစ် ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။ ဝိနည်းပိဋကတ်ဝင်ပါစိတ္တယျ ပါဠိတော်စာအုပ်ကို ကြေးပြားချပ် ရေ ၂၅၀ ပြုလုပ်လှူဒါန်းမည်ဖြစ်ရာ ဒီဇင်ဘာ ၂၆ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အလှူရှင်များ စုပေါင်းရေစက်သွန်းချပွဲသို့ စိတ်ပါဝင်စားသူတိုင်း ကြွရောက်ရေစက်သွန်းချနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၇-၁၂-၂၀၀၄ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၅။ | လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင် |
| ၈း၀၀ | ၆။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၈း၁၀ | ၇။ | အတီးပြိုင်ပွဲ |
| ၈း၂၀ | ၈။ | ဘော်ဘင်ရေလှောင်တမံ |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | English for Everyday Use |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | Practice in Reading |
| ၁၆း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇း၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၁၇း၁၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇း၃၀ | ၇။ | လက်ဆင့်ကမ်းပေးဂီတတေး |
| ၁၇း၃၅ | ၈။ | နည်းစနစ်မှန်မှန် အားကစားအခြေခံ |
| ၁၇း၄၅ | ၉။ | ဂီတမဟာပျော်စရာ |
| ၁၈း၁၀ | ၁၀။ | မြန်မာစာ၊ မြန်မာစကား |
| ၁၈း၂၅ | ၁၁။ | Discovery |
| ၁၈း၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း-၃၈) |
| ၁၉း၃၅ | ၁၅။ | နှောင်းခေတ်တေးပဒေသာ |
| ၂၀း၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | မြန်မာဗီဒီယိုဇာတ်လမ်း **"တစ်ခြမ်းပဲ့လမင်း"** (အပိုင်း-၂) (နိုင်နိုင်၊ နန္ဒာလှိုင်၊ ခင်သီတာထွန်း) (ဒါရိုက်တာ-မောင်မောင်ဦး) (စန်းဗိုက်) |
| | ၂၀။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၁။ | အစီအစဉ်ပြီး၏။ |

## အမှာစကားပြောကြား

**ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၆/၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်က သာကေတမြို့နယ်ခန်းမတွင် ကျင်းပရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက သင်တန်းဆင်း အမှာစကား ပြောကြားစဉ်။** (၄၀၀)



## ကံမမြို့နယ်အသင်း သင်းလုံးကျွတ်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ကံမမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၄ခုနှစ် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်း မဟာပုညောပကာရဓမ္မာရုံ၌ ဒီဇင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ကျင်းပရန်စီစဉ်ထားသည်။

၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများနှင့် နိုဝင်ဘာ ၃၀ရက်တွင် အသက်၇၀နှင့် အထက်အသင်းဝင်များသည် အမှုဆောင်အဖွဲ့သို့ ဒီဇင်ဘာ ၂၄ ရက် နောက်ဆုံးထား သတင်းပေးပို့ကြရန်နှင့် အသင်းဝင်များ ကံမမြို့နယ်သူ မြို့နယ်သားအားလုံး တက်ရောက်ကြရန် နှိုးဆော်ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**


**စက်မောင်းဆီ ချွေတာဖို့**

**သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့**

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

# အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌဂုဏ်ပြုညစာတည်ခင်း ပြည်နယ်နှင့်တိုင်းများမှညီလာခံကိုယ်စားလှယ်များတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁၆

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌက ပဉ္စမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်တိုင်းရင်းဆေးသမားတော်ကြီးများအား ယနေ့ ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

**တက်ရောက်**

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့တိုင်းရင်းဆေးကောင်စီဝင် သမားတော်ကြီးများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ အသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးဝါးစစ်ဆေးရေးဗဟိုကော်မတီဝင်များ၊ ပဉ္စမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပရေးဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်တိုင်းရင်းဆေးသမားတော်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုအသင်း၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း၊ မြန်မာနိုင်ငံလက်ထောက်ကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌက ပဉ္စမအကြိမ်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်တိုင်းရင်းဆေးသမားတော်ကြီးများအား တည်ခင်းဧည့်ခံသည့်ဂုဏ်ပြုညစာစားပွဲတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## တိမ်ဖြစ်ထွန်းမည်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။**

# Treasure Island စားသောက်ဆိုင်ဖွင့်ပွဲ ကန်တော်ကြီးဥယျာဉ် မြိုင်မာလာကျွန်း၌ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၆

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကန်တော်ကြီးဥယျာဉ် Central Forest Zone အတွင်း မြိုင်မာလာကျွန်းရှိ Treasure Island စားသောက်ဆိုင်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်တွင် အဆိုပါစားသောက်ဆိုင်ရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အားပေးချီးမြှင့်သည်။**

ရှေးဦးစွာ Treasure Island စားသောက်ဆိုင်ပိုင်ရှင် ဦးခင်ဇော်ဝင်းက ဆိုင်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေနှင့်ဆိုင်ပိုင်ရှင် ဦးခင်ဇော်ဝင်းတို့ကဖဲကြိုးဖြတ်၍စားသောက်ဆိုင်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူက စက်ခလုတ်နှိပ်၍ Treasure Island စားသောက်ဆိုင် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။ **(သတင်းစဉ်)**

## ကျောက်ပန်းတောင်း အထက(၂) အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ယခင်စံပြကျောင်း ဟောင်း ဆရာ ဆရာမများနှင့်အထက(၂) ဆရာဆရာမများအား သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် အထက(၂) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ ကျောင်းသူကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လှူဒါန်းလိုပါက ကိုဝင်းနိုင် ဖုန်း–၀၆၁–၅၀၅၇၁၊ကိုဌေးလွင် ဖုန်း ၀၁–၆၆၆၄၅၆၊ ကိုဆန်းဗိုလ် ဖုန်း ၀၁–၆၈၂၄၇၁၊မသန်းသန်းဝင်း ဖုန်း ၀၁–၂၄၈၀၂၀၊ကိုဗိုလ်ကျော် ဖုန်း ၀၆၁–၅၀၆၁၁၊မအေးမြင့်သန်း ဖုန်း ၀၆၁–၅၀၅၈၆ နှင့် ကိုဝင်းမော် ဖုန်း–၀၂–၃၆၉၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

စလေနယ်သူနယ်သားများ(ရန်ကုန်)၏နှစ်စဉ်ကျင်းပမြဲဖြစ်သော သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ၂၅ရက်(စနေနေ့)နံနက် ၉နာရီမှမွန်းတည့်၁၂နာရီအထိ ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး စာရင်းစစ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသက် (၇၅)နှစ်ပြည့် မိဘများ၏ အမည်စာရင်းကို သန်းခေါင်စာရင်းမိတ္တူနှင့်လည်းကောင်း၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ/သား အမည်စာရင်းကို စာမှတ်စာရင်း (သို့)ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့်လည်းကောင်း ဦးစောလွင် ဖုန်း–၆၈၃၀၈၈/၄၅၉ နှင့် ဒေါ်ပြုံး ဖုန်း–၆၆၅၂၂၀တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**

# မြန်မာ့လက်ရွေးစင် စက်ဘီးအားကစားမောင်းမယ် လူရွေးချယ်ရေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

အားကစားဝန်ကြီးဌာနမှ ကြီးမှူး၍ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကျင်းပသည့် အမျိုးသားကီလိုမီတာ ၄၀ နှင့် အမျိုးသမီး ၂၇ကီလိုမီတာ တစ်ဦးချင်း စံချိန်ပြု မြန်မာ့လက်ရွေးစင် စက်ဘီး အားကစားမောင်းမယ် လူရွေးချယ်ရေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၆ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် လှုငယ် အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပသည်။

ရှေးဦးစွာဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသမီး ၂၇ကီလိုမီတာ တစ်ဦးချင်း စံချိန်ပြုပြိုင်ပွဲတွင် ပထမဆုရ မိုးစန္ဒာညို (မြို့တော်စည်ပင်)၊ ဒုတိယဆုရ ခင်စိုးဌေး (မြို့တော်စည်ပင်)၊ တတိယဆုရ ခိုင်မာဦး(လယ်ယာ/ ဆည်မြောင်း) တို့အား မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်းက လည်းကောင်း၊ နှစ်သိမ့်ဆု ရရှိသူများအား လည်းကောင်း၊ ဧည့်သည်တော်များကလည်းကောင်း ငွေသားဆုများနှင့် အောင်နိုင်ဆုများကို ပေးအပ်ချီးမြှင့်သည်။

**လက်ခံရယူ**

ယင်းနောက် Southern Shan State ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး–ကလောအကြား အမျိုးသား ကီလိုမီတာ ၁၆၀၊ အမျိုးသမီး ၆၇ဒသမ ၅ကီလိုမီတာ အလွတ်တန်းတာဝေး စက်ဘီးပြိုင်ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းနှင့် ကစလ တာယာထုတ်လုပ်မှုလုပ်ငန်းက ငွေကျပ် ၁၀ သိန်း၊ MAG Co.,Ltd. က ငွေကျပ် ၁၀ သိန်း၊ မေခလာကုမ္ပဏီ လီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က ငွေကျပ် ငါးသိန်း၊ Diamond Double Star Co., Ltd. MD ဦးသန်းအောင်က ငွေကျပ်တစ်သိန်း၊ ဝင့်ဖူးခိုင် Co.,Ltd. MD ဦးဝင်းမြင့်က ငွေကျပ်တစ်သိန်း၊ MAG Co.,Ltd. ဒါရိုက်တာ ဦးထွန်းသန်းက ငွေကျပ်တစ်သိန်းနှင့် ဦးဇေကျော်လင်းက ငွေကျပ်တစ်သိန်း၊ UCG Co., Ltd. ဒါရိုက်တာဦးကျော်တင်မြင့်က ငွေကျပ်တစ်သိန်း၊ MAG ဒါရိုက်တာ ဦးအကျင်းက ငွေကျပ် တစ်သိန်း၊ Mother Land Co., Ltd. MD ဦးတင်မြင့်က ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် ၃၂သိန်းကို မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံယူသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် အမျိုးသားကီလိုမီတာ ၄၀ တစ်ဦးချင်း စံချိန်ပြုပြိုင်ပွဲတွင် ပထမဆုရ ကျော်မျိုးလှိုင်(ဘဏ္ဍာ/အခွန်)၊ ဒုတိယဆုရ မင်းမင်းဟန် (လယ်ယာ/ဆည်မြောင်း)၊ တတိယဆုရ မြင့်အေး (လယ်ယာ/ဆည်မြောင်း)တို့အား အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်ကလည်းကောင်း၊ နှစ်သိမ့်ဆု ရရှိသူများအား မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အထူးဖိတ်ကြားထားသောဧည့်သည်တော်များကလည်းကောင်း ငွေသားဆုများနှင့်အောင်နိုင်ဆုများကို ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

## မြတ်ဆရာပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန် စက်မှုတက္ကသိုလ်တွင် ၁၉၈၇ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား မြို့ပြအင်ဂျင်နီယာ ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့) နံနက် ၉နာရီခွဲ တွင် ရန်ကုန် နည်းပညာတက္ကသိုလ် စုဝေးခန်းမဆောင်(ကြို့ကုန်း)၌ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများမပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းလှူဒါန်းလိုသူများသည် ဦးမြင့်စိုး ဖုန်း–၅၃၅၇၆၂၊ဦးခင်မောင်တင့် ဖုန်း–၀၉–၈၀–၃၀၇၂၁ နှင့် ဒေါက်တာစိုးသိန်း ဖုန်း–၇၂၀၂၅၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က–ပ)**

# မြန်မာ့အာမခံလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေ အမှာစကားပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ် ပြည်နယ်၊ တိုင်း၊ ခရိုင်ရုံးများ၏ ဒုတိယလေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုယနေ့ညနေ၃နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက်၍ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်နှင့်အညီ နိုင်ငံတော်အပေါ်တာဝန်သိသိ သစ္စာရှိရှိဖြင့်လုပ်ဆောင်ကြရန်နှင့် နိုင်ငံတော်က ချမှတ်ထားသည့် လျာထားချက်များ ပြည့်မီအောင်ဆောင်ရွက်ကြရန် ပြောကြားသည်။ **(အောက်ပုံ)(သတင်းစဉ်)**





## ဆွမ်းကြီးလောင်းပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

သာယာဝတီမြို့နယ် သုံးဆယ်မြို့တွင် (၇၅)ကြိမ်မြောက် စိန်ရတုသမ္မာဆန္ဒ ဆွမ်းကြီးလောင်းလှူပွဲနှင့် စာရေးတံမဲ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ၁၃၆၆ခုနှစ် နတ်တော်လပြည့်ကျော် ၇ရက်မှ ပြာသိုလဆန်း ၁ ရက် (၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၁၀ရက်)အထိ ကြည့်ချင်ပွဲ၊ဇာတ်အငြိမ့်ပွဲများနှင့်စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး ကျောင်းတိုက်ပေါင်း ၉၂ ကျောင်းမှ သံဃာတော်၂၄၃ပါးတို့အား ၁၃၆၆ခုနှစ် ပြာသိုလဆန်း၁ရက် (ဇန်နဝါရီ၁၀ရက်)၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၀ ရက်မွန်းတည့်၁၂ နာရီတွင် ဆွမ်းကြီးလောင်းပွဲနှင့် စာရေးတံမဲများလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။**(က–ပ)**

## အင်းစိန် အထက(၁) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

အထက(၁)အင်းစိန် (ယခင်–အစိုးရတန်းမြင့်ကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက်(စနေနေ့) မွန်းလွဲ၁နာရီတွင် အထက(၁)အင်းစိန် ဧရာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ တန်းမြင့်ကျောင်း စတင်ဖွင့်ချိန်မှ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများ ကြွရောက်ပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများ လာရောက်ပူဇော်ကန်တော့ကြရန် ဖိတ်ကြားထားသည်။ ငွေနှင့်ပစ္စည်းများထည့်ဝင်လှူဒါန်းလိုပါက ဦးမြတ်နိုင် ဖုန်း–၅၀၂၀၇၇၊ ဦးသိန်းထွန်း ဖုန်း–၂၈၂၈၂၃၊ ဦးတင်လှိုင် ဖုန်း–၆၉၉၈၂၄၊ ဦးဘဌေး ဖုန်း–၆၄၀၀၉၄၊ ဦးတင့်စိန်ဖူး ဖုန်း–၆၄၃၉၇၄၊ ဦးတင့်လွင် ဖုန်း–၀၉–၅၀၀–၃၄၂၁၂၊ ဦးစောပြည်သိမ်း ဖုန်း– ၆၄၃၇၆၃နှင့် ဦးကျော်လွင် ဖုန်း–၂၄၉၆၉၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(က–ပ)**

## ပအိုဝ်းဓမ္မာရုံ အသံမစဲပဋ္ဌာန်း ရွတ်ဆိုပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ပအိုဝ်းဓမ္မာရုံ ဂေါပကအဖွဲ့က နှစ်စဉ်ကျင်းပမြဲဖြစ်သော အသံမစဲ မဟာပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲကို ဗဟန်း (၁)လမ်းရှိ ပအိုဝ်းဓမ္မာရုံတွင် ၂၀၀၅ ခုနှစ် ဇန်နဝါရီ၁ ရက်မှ ၃ ရက် အထိ ရွတ်ဆိုပူဇော်မည်ဖြစ်သည်။

လှူဒါန်းလိုသော စေတနာရှင်များ ဓမ္မာရုံအုပ်ချုပ်ရေးမှူး ဦးအောင်သန်း ဖုန်း–၃၈၀၉၈၇သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့ထိ နိုင်ငံအဝန်းတွင်**
**ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်( ၁၀၇၉၁ )တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

**ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။**

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

# အငြိမ်းစားတို့ စကားဝိုင်း (၂)

ဟိန်းမြင့်

၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့က နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများကိုလည်းကောင်း ပြည့်စုံစွာ ရှင်းလင်းပြောကြားသွားခဲ့သည်ကို ဖတ်ရှုလေ့လာခဲ့ရပြီး ဖြစ်သည်။

ထိုသို့ ရှင်းလင်းပြောကြားခဲ့ပြီးနောက်ပိုင်း သိသာထင်ရှားစွာ ဖြစ်ထွန်းဖြစ်ပေါ်လာမှုများကိုပါ ရှုမြင်တွေ့ရှိနေရသည့်အတွက် ထိုအကြောင်းများကို ကျွန်တော်တို့ အငြိမ်းစားများတစ်သိုက် စကားဝိုင်း ဖွဲ့ဆိုမိခဲ့ကြပြန်သည်။

"လူပြောင်းပေမယ့် မူဝါဒမပြောင်းဘူးလို့ ရှင်းပြသွားသလို လက်တွေ့မှာလဲ ဒီအတိုင်းကျင့်သုံးနေတာတွေ တွေ့နေရတယ်"

"အေးကွ၊ အမျိုးသားညီလာခံကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလမှာ ဆက်လက်ဆောင်ရွက်သွားမယ်လို့ အတိအလင်း ကြေညာပြောဆိုခဲ့တာ တွေ့ရတယ်။ နောက်ပြီး အတွင်းရေးမှူး(၁)ကိုယ်တိုင် ဥပဒေဘောင်အတွင်း ရောက်ရှိပြီး နိုင်ငံတော်အစိုးရနဲ့ လက်တွဲ ပူးပေါင်းဆောင်ရွက်နေတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့လဲ ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံခဲ့တာ အထင်အရှားပဲလေ"

"တိုင်းရင်းသားခေါင်းဆောင်တွေ အားလုံးကလဲ နိုင်ငံတော်အစိုးရနဲ့ လက်တွဲပြီး အမျိုးသားညီလာခံကို အောင်မြင်ပြီးမြောက်သည်အထိ ဆက်လက်တက်ရောက်သွားမယ်လို့ ဆိုကြတယ်"

" 'ဝ'ငြိမ်းချမ်းရေးအဖွဲ့ကဆိုရင် မူလသတ်မှတ်ထားတဲ့အတိုင်း ၂၀၀၅ ခုနှစ် ဇွန်လနောက်ပိုင်းမှာ ဘိန်းစိုက်ပျိုးမှု လုံးဝကင်းစင်စေရမယ်လို့ အတိအလင်း ထပ်မံ ထုတ်ပြန်ကြေညာခဲ့တာလဲ တွေ့လိုက်ရတယ်"

"နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင် အိန္ဒိယနိုင်ငံကို ချစ်ကြည်ရေးခရီး သွားရောက်ပြီး နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှုကို တည်ဆောက်နိုင်ခဲ့တာ တွေ့ရတယ်"

"တပ်မတော်အစိုးရလက်ထက် အိမ်နီးချင်းနိုင်ငံများအားလုံးနဲ့ ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်တာကို အထင်အရှားပြနေတာပဲပေ့"

"နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်နိုင်ငံမှာ ကျင်းပခဲ့တဲ့ တရုတ်–အာဆီယံ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို တက်ရောက်ခဲ့သလို လာအိုနိုင်ငံမှာကျင်းပခဲ့တဲ့ (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီး ညီလာခံ၊ ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားတို့က နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲတွေနဲ့ ထိပ်သီးအစည်းအဝေး၊ အာဆီယံ–အိန္ဒိယ ထိပ်သီးအစည်းအဝေးနဲ့ အာဆီယံ–ဩစတြေးလျ–နယူးဇီလန် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတွေကို တက်ရောက်ခဲ့တယ်လေ"

"အေး– အဲဒီ ထိပ်သီးအစည်းအဝေးမှာ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ အာဆီယံနိုင်ငံများအားလုံးရဲ့ ဝန်ကြီးချုပ်တွေနဲ့ ရင်းနှီးစွာ သီးခြားစီ တွေ့ဆုံနိုင်ခဲ့သလို တရုတ်၊ အိန္ဒိယ၊ ဂျပန် ဝန်ကြီးချုပ်တို့နဲ့လဲ သီးခြားစီတွေ့ဆုံနိုင်ခဲ့လို့ ရင်းနှီးချစ်ကြည်မှုကို တည်ဆောက်နိုင်ခဲ့တယ်လေ။ မြန်မာနိုင်ငံရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေမှန်တွေနဲ့ ရှေ့လုပ်ငန်းစဉ်တွေကို အမှန်အတိုင်း ပြောဆိုဆွေးနွေးနိုင်ခဲ့မှာ အမှန်ပဲကွ"

"ထိပ်သီးအစည်းအဝေးမှာ မြန်မာနိုင်ငံအပေါ် ဖိအားပေးဖို့၊ ၂၀၀၆ ခုနှစ်မှာ မြန်မာနိုင်ငံဟာ အလှည့်ကျ အာဆီယံဥက္ကဋ္ဌဖြစ်လာမှာကို မပေးဖို့၊ နောက်ဆုံး အာဆီယံအဖွဲ့ကနေပါ ထုတ်ပစ်ဖို့ဆိုပြီး အဖျက်သမားအချို့က မလေးရှားမှာ အချိန်ကိုက် မြန်မာ့အရေး ဆွေးနွေးပွဲတစ်ခု လုပ်ခဲ့သေးတယ်ဆို"

"ဟုတ်ပ့၊ အချို့နိုင်ငံက ပါလီမန်အမတ်တချို့ ပါဝင်တယ်ဆိုတာပဲကွာ။ ကိုယ့်နိုင်ငံ ကိုယ့်အရေးထက် သူတစ်ပါးပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်အပုပ်ချ လုပ်ကြံပြောဆိုနေကြသူတွေဟာ ဘယ်လိုလူစားမျိုးတွေဖြစ်မယ်၊ ကိုယ်ကျိုးအတွက် ဘာတွေရလို့ လုပ်သလဲဆိုတာ စဉ်းစားကြည့်ရင် အဖြေပေါ်နေပါတယ်ဗျာ"

"နောက်ကွယ်ကကြိုးဆွဲတဲ့ ဆရာကြီးက ဘယ်နိုင်ငံက ဘယ်သူ၊ ဘယ်အဖွဲ့အစည်း ဖြစ်နိုင်တယ်ဆိုတာလဲ ခန့်မှန်းကြည့်ရင် သိနိုင်တာပဲလေ"

"အေးကွာ၊ တပည့်မခံ ရန်နိုင်ငံလို့ သတ်မှတ်လုပ်ကြံနေသူတွေ၊ ကမ္ဘာမှာ ဗိုလ်ကျစိုးမိုးလိုသူတွေ၊ သူတို့ ကြိုးကိုင်လို့ရမယ့် ရုပ်သေးအစိုးရကို တင်ဖို့ အမြဲကြံစည်ကြိုးစား လုပ်ကြံနေသူတွေရဲ့ ခြေရာလက်ရာတွေပဲဆိုတာ သိသာပါတယ်"

"တို့နိုင်ငံအနေနဲ့ မှန်မှန်ကန်ကန်ရပ်တည် ကြိုးပမ်းတည်ဆောက်နေပြီး အိမ်နီးချင်းနိုင်ငံများနဲ့သာမက ဒေသအတွင်းရှိ နိုင်ငံများနဲ့ပါ ရင်းနှီးချစ်ကြည်မှုကို တည်ဆောက်ထားတော့ သူတို့အကြံတွေ ဘာမှ မအောင်မြင်ခဲ့ပါဘူး"

"အေးလေ၊ သတိတရားနဲ့ အမြဲတော့ ဂရုထားကြရမှာပေါ့"

"နောက်ပြီး မင်းတို့ သတိထားမိသလားတော့ မသိဘူး၊ အခု ရုပ်သံက သတင်းတွေ တိုသွားပြီဟ၊ အရင်ကလို မရှည်တော့ဘူး"

"ဟုတ်တယ်၊ လူ့သဘောသဘာဝက မလိုလားအပ်ဘဲ သတင်းရှည်နေရင် နားမထောင်ချင်၊ မကြည့်ချင်တော့ဘူးလေ။ ဒါဟာ မှန်ကန်တဲ့လုပ်ဆောင်မှုပဲ။ အရင် သတင်းလာချိန်မှာ လုပ်ငန်းသဘောအရ သတင်းကြည့်ချင်တဲ့ ငါနဲ့ ဗီဒီယိုကြည့်ချင်တဲ့ မိသားစုအကြား ဝိရောဓိဖြစ်ခဲ့ကြတာ အခုမှပဲ အဆင်ပြေသွားတော့တယ်လေ"

"လူတိုင်းလူတိုင်း ကိုယ့်သတင်းကို ပါစေချင်တယ်၊ ကိုယ့်သတင်းကို အစကနေ အဆုံးအထိ ပြစေချင်ကြတယ်။ ဒါလဲ သဘာဝတော့ကျပါတယ်။ ဒါပေမယ့် မလိုလားအပ်တဲ့ အနှစ်သာရမပါတာတွေကိုပါ ဖော်ပြနေရင် ကြည့်ရတဲ့ ပြည်သူတွေအဖို့ ဘယ်စိတ်ပါဝင်စားတော့မလဲကွာ။ သတင်းဆိုတာလိုရင်းကို တိုတိုနဲ့ပြရတယ်လေ။ ဒါမှ ပြည်သူက လိုလိုချင်ချင်ကြည့်မှာပေါ့။ သတင်းရှည်ရင် ဘယ်သူမှ စိတ်မဝင်စားတော့ဘဲ၊ မကြည့်ဘဲ နေကြတာလဲ သဘာဝပဲမို့ အခုလို တိုတိုပြတာ အမှန်ပဲပေ့။ ကြိုဆိုသကွာ"

"နိုဝင်ဘာလ ၂၂ ရက်နေ့က အတွင်းရေးမှူး(၁)ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ခဲ့တဲ့ ဧရာဝတီတိုင်းအတွက် အစင်း ၄၀ မြောက်၊ နိုင်ငံတော်တစ်ခုလုံးအနေဖြင့် ၁၇၆ စင်းမြောက် ပုသိမ်တံတား ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်မှာ **'နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဤငဝန်မြစ်ကူးတံတား (ပုသိမ်)ကို ၂၀၀၃ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်လိုက်သည်'**လို့ ရေးထိုးထားတာ သတင်းစာဓာတ်ပုံမှာ ထင်ထင်ရှားရှားတွေ့ရတယ်"

"အခုနောက်ဆုံး ဒီဇင်ဘာလ ၁၂ ရက်နေ့က ဖွင့်လှစ်ခဲ့တဲ့ ရခိုင်ပြည်နယ်အတွက် ၃၁ စင်းမြောက် သံသမကြီးတံတားဖွင့်ပွဲ ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်မှာလဲ ပုသိမ်တံတားလိုပဲ ရေးထိုးထားတယ်ဟ"

"အရင်တံတားဖွင့်ပွဲတွေရဲ့ ကမ္ဘည်းမော်ကွန်း ကျောက်စာတိုင်တွေမှာ အကြီးအကဲနာမည်တွေပါ ထည့်သွင်းရေးထိုးထားတာတွေ တွေ့ရတယ်လေ။ အခု ပုဂ္ဂိုလ်ရေးအမည်တွေကို ဦးစားမပေးတော့တဲ့ သဘောကို ပြဆိုနေတာပဲ"

"အေး ကောင်းသော ပြောင်းလဲပြုပြင်မှုလို့ ဆိုရမှာပေါ့"

"အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို အောက်တိုဘာလ ၂၂ ရက်နေ့မှာ ဖျက်သိမ်းခဲ့ပြီးတဲ့နောက်ပိုင်း နိုဝင်ဘာလ ၁၈ ရက်နေ့မှာ အကျဉ်းသား ၃၉၃၇ ဦး၊ နိုဝင်ဘာလ ၂၅ ရက်နေ့မှာ အကျဉ်းသား ၅၃၁၁ ဦး၊ အခု ဒီဇင်ဘာလ ၁၁ ရက်နေ့မှာ အကျဉ်းသားဦးရေ ၅၀၇၀ စုစုပေါင်း ၁၄၃၁၈ ဦးကို ပြစ်ဒဏ်ကျခံနေခြင်းက ရပ်စဲပေးလိုက်ပြီး ပြန်လွှတ်ပေးလိုက်တာလဲ တွေ့ရပါတယ်"

"အမျိုးသားထောက်လှမ်းရေးအဖွဲ့ရဲ့ ဆောင်ရွက်ခဲ့မှုများအနက် မလျော်မကန်သော ဆောင်ရွက်မှုများ ပါဝင်နိုင်ကြောင်း သုံးသပ်ရရှိလို့ မလျော်မကန်ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ပြီး အခုလို ပြစ်ဒဏ်ကျခံနေရခြင်းကနေ ရပ်စဲပေးလိုက်တယ်လို့ အတိအလင်းကြေညာထားတယ် မဟုတ်လား"

"ဒီလိုလွှတ်ပေးတာနဲ့ပတ်သက်လို့ နိုင်ငံတကာနဲ့ ပြည်သူလူထု အားလုံးလိုလိုက ကြိုဆိုလက်ခံကြပေမယ့် ပြည်တွင်းပြည်ပ အဖျက်သမားအချို့ကတော့ ထုံးစံအတိုင်းပဲ အဆိုးမြင်ရှုထောင့်ကနေပြီး ဖိအားပေးခံရလို့၊ နိုင်ငံရေးအမြတ်ရဖို့လို့၊ အာဆီယံ ထိပ်သီးညီလာခံကြီးမှာ ပြယုဂ်ကောင်းအောင်လို့ လွှတ်ပေးတာတို့၊ နိုင်ငံရေးအကျဉ်းသား ဘယ်သူဘယ်ဝါတော့ မပါဘူးလို့ သားပုပ်လေလွင့် ပြောနေကြတယ်လေ"

"ငါကတော့ ဒီနေရာမှာပြတ်သားတယ်လို့ မြင်တယ်။ တပ်မတော်သားများပီပီ ပြန်လည်သုံးသပ်ပြီး ရဲရဲဝံ့ဝံ့နဲ့ အမှားကိုအမှန်ဖြစ်အောင် ပြန်လုပ်ပေးတာပဲလို့ ဆိုချင်တယ်"

"နိုင်ငံရေးသမားတွေအားလုံးကို လွှတ်ပေးဖို့လို့ တောင်းဆို၊ ပြောဆိုနေကြတာကိုရောကွာ"

"အေး–နိုင်ငံတော်က ကြေညာကတည်းက 'မလျော်မကန်ဆောင်ရွက်နေမှုများကို ပြန်လည်သုံးသပ်ပြီးလို့' ပါထားတာပဲကွာ၊ သူတို့အဆို နိုင်ငံရေးသမားပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် ဘယ်သူမှ ဥပဒေအထက်မှာ မရှိကြဘူးကွာ။ ပြစ်မှုဖြစ်ရင် ဥပဒေနဲ့အညီ အရေးယူအပြစ်ပေးခံကြရမှာပဲ။ အရေးယူခဲ့တဲ့ ဖြစ်စဉ်တွေလဲရှိခဲ့တာ မင်းတို့အမြင်ပဲ။ အခု ပြန်လွှတ်ပေးနေတဲ့ အကျဉ်းသားတွေဟာ အရင်က မလျော်မကန်ပြုခံခဲ့ရတယ်လို့ သုံးသပ်ရတဲ့ သူတွေပဲလေ။ ဒါကြောင့် အရင်ကတည်းက ဥပဒေနဲ့အညီ မှန်မှန်ကန်ကန် အရေးယူ အပြစ်ပေးခံထားရတဲ့ သူတွေဆိုရင်တော့ အခုလွှတ်တဲ့အထဲမှာ ပါမှာမဟုတ်ဘူးလို့ ထင်တယ်လေ။ ဒါကို အားလုံး သဘောပေါက်ရမှာပေါ့ကွာ"

"အေးကွာ၊ ပြန်လွှတ်လာတဲ့ အကျဉ်းသားအားလုံးကတော့ ဝမ်းသာနေကြမှာဖြစ်သလို အရောင်ဆိုးခံထားရသူ ပြည်တွင်းပြည်ပ အဖျက်သမားတစ်စုကလွဲလို့ အားလုံးကတော့ ဝမ်းသာအားရဖြစ်နေကြမှာ အမှန်ပဲ"

"သမိုင်းဝင် သမိုင်းတွင်မယ့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့တာ မြန်မာတွေအတွက် ဂုဏ်ယူဝမ်းမြောက်စရာပဲကွာ။ နိုင်ငံအတွက်ရော၊ နိုင်ငံသူ နိုင်ငံသားတွေအတွက်ပါ ဂုဏ်ယူစရာပဲ မဟုတ်လား"

"လာအိုဝန်ကြီးချုပ်၊ ထိုင်းဝန်ကြီးချုပ်၊ သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်တို့ကိုယ်တိုင် တက်ရောက်လာကြတာ တွေ့ရတယ်"

"ကမ္ဘာ့နိုင်ငံအသီးသီးက ဗုဒ္ဓဘာသာ ဦးသျှောင် ဆရာတော်ကြီးတွေ၊ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးက ဂိုဏ်းချုပ်ဘုန်းတော်ကြီးတွေနဲ့ နိုင်ငံ ၃၈ နိုင်ငံက အထက်တန်း ကမ္ဘာ့ဗုဒ္ဓဘာသာ သုတေသီပညာရှင်တွေလဲ တက်ရောက်ဆွေးနွေးကြတယ်လေ"

"အဲဒီကိစ္စမှာလဲ ပူးတွဲ ကမကထပြုမယ့် ဂျပန်အဖွဲ့အစည်းတစ်ခုက ညီလာခံကျင်းပရေးကို ကျောခိုင်းသွားခဲ့တာမို့ မလုပ်နိုင်တော့ဘူး၊ မကျင်းပဖြစ်တော့ဘူး၊ အောင်မြင်မှာ မဟုတ်ဘူးလို့ အားရဝမ်းသာပြောတဲ့သူတွေလဲ ရှိခဲ့တာပဲ မဟုတ်လား"

"သိပ်ရှိတာပေ့၊ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာကျဖို့၊ ချဖို့ပဲ အမြဲရှာကြံအပြစ်ပြောနေသူတွေဟာ အခွင့်အရေးကြုံတာနဲ့ ပိုင်ပြီဆိုပြီး လုပ်ချလိုက်တော့တာပေ့"

"နိုင်ငံတော်ပဲကွာ ကမ္ဘာအနှံ့ ဗုဒ္ဓသာသနာ ထွန်းကားတည်တံ့ပြန့်ပွားရေးအတွက် ရည်ရွယ်ချက်ကို ဘယ်အပျက်ခံမလဲဟ။ ဘယ်သူတွေ ဘယ်လိုအကြောင်းနဲ့ ဘယ်လိုပဲ ပျက်အောင်ဖျက်ဖျက် အောင်မြင်အောင် ကျင်းပသွားတာ ခမ်းခမ်းနားနားပဲပေ့"

"ကိုယ်တိုင်ကိုယ်ကျ မတက်ရောက်နိုင်တဲ့ ဗုဒ္ဓဘာသာနိုင်ငံတွေက နိုင်ငံခေါင်းဆောင်တွေနဲ့ ဗုဒ္ဓဘာသာခေါင်းဆောင်တွေက ဂုဏ်ပြုဝမ်းမြောက်ကြောင်း သဝဏ်လွှာတွေ ပေးပို့လာကြတာလဲ တွေ့ရတယ်"

"အခုလို ခမ်းခမ်းနားနားနဲ့ အောင်မြင်အောင်ကျင်းပနိုင်ခဲ့တာဟာ မြန်မာနိုင်ငံတော်အစိုးရ၊ မြန်မာနိုင်ငံ ပြည်သူများနဲ့ ညီလာခံကိုတက်ရောက်လာကြတဲ့ နိုင်ငံတကာက ဗုဒ္ဓဘာသာဦးသျှောင်ဆရာတော်ကြီးတွေ၊ အစိုးရ အကြီးအကဲတွေ၊ ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်တွေကြောင့် ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်"

**တပ်မတော်အစိုးရပီပီ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ သာသနာတော်အတွက်ဆိုပါက ဘယ်လိုပင်ပေးဆပ်ရသည်ဖြစ်စေ အားထုတ်ကြိုးပမ်း လုပ်ဆောင်သွားမည်ဆိုသည့် စေတနာနှင့် ပြတ်ပြတ်သားသားလုပ်ဆောင်မှုများကို အထင်အရှားပင် တွေ့မြင်နေရပါသည်။ သို့ဖြစ်၍ နိုင်ငံတော်၏ မူဝါဒလမ်းစဉ်(၇)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှာဖြစ်သလို မကြာမီသောကာလ၌ ပြည်သူအများ လိုလားတောင့်တနေသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ်သို့ မလွဲမသွေရောက်ရှိနိုင်တော့မည်။**

"အေး– မင်းတို့ မှတ်မိဦးမလားတော့ မသိဘူး၊ ၈၈ ခုနှစ် နဝတ တက်ခါစ ကာလမှာ ခရီးသွားများ အန္တရာယ်ကင်းအောင်လို့ ကားလမ်းဖြတ်လူကူးတံတားတွေ တည်ဆောက်တာကိုပဲ အရေးအခင်းဆန္ဒပြရင် လူတွေကို အဲဒီတံတားပေါ်ကနေ နေရာယူပစ်ခတ်နိုင်အောင် တည်ဆောက်နေတာလို့ ဆိုကြတယ်လေ။ အဆိုးမြင်တွေကတော့ ဘာပဲလုပ်လုပ် အကောင်းကို ဘယ်တော့မှ မြင်မှာမဟုတ်ဘူး။ နိုင်ငံအကျိုးထက် သူတို့အကျိုးအတွက်ပဲ အမြဲစဉ်းစားတွေးခေါ် ပြောဆိုလုပ်ဆောင်နေကြတော့ နိုင်ငံအတွက် ဆန်ကုန်မြေလေးတွေပဲ ဖြစ်နေတော့တာပေ့"

"မကောင်းမှုကို အမြဲကြံစည် အမြဲတွေးခေါ်လုပ်ကိုင်နေသူတွေ၊ အဖျက်သမားတွေအတွက် သူတို့ရဲ့လုပ်ဆောင်မှုက သူတို့ကို တန်ပြန်အကျိုးသက်ရောက်မှုကို ဖြစ်စေမှာမို့ သွားလမ်းကောင်းမှာ မဟုတ်ပါဘူးကွာ။ ပျက်အစဉ် ပြင်ခဏဆိုသလို သမိုင်းမှာ သင်ခန်းစာတွေပေးသွားကြတာတွေ ပြန်သတိရဖို့ကောင်းပါပြီ"

"လက်ရှိ အကြီးအကဲများကို သဘောထားတင်းမာသူတွေလို့ ဝါဒဖြန့်လုပ်ကြံပြောဆိုနေသူတွေ အခုလို အကျဉ်းသားတွေကို လွှတ်ပေးတော့မာတယ်၊ ပျော့လာတယ်လို့ မပြောကြတော့ပါလားဟ"

"အေးလေ၊ အရင်ထဲက တမင်လုပ်ကြံဝါဒဖြန့် ပြောဆိုနေသူတွေဖြစ်တော့ အကွက်ရရင် ရသလို အပုပ်ချမှာပဲ။ အကွက်မရရင်တော့ မသိချင်ယောင်ဆောင်မယ်၊ အကောင်းလုပ်တာကို အဆိုးဘက်ကနေ လှည့်ပြောမယ်ပေ့ကွာ။ ဒါဟာ သူတို့ထုံးစံပဲဟာ"

"ဗုဒ္ဓသာသနာကို နိုင်ငံတော်ကလဲ အားပေးချီးမြှင့်၊ ပြည်သူအများကလဲ သက်ဝင်ယုံကြည်ကိုးစား၊ သံဃာတော်များကလဲ ဗုဒ္ဓသားတော် ရဟန်းတော်များပီပီ တရားတော်များကို သင်ယူ၊ ကျင့်ကြံ၊ အားထုတ်ကြိုးပမ်းကြတဲ့ မြန်မာနိုင်ငံမှာ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့တာဟာ ဆရာ–ဒကာ စည်းလုံးညီညွတ်စွာနဲ့ သာသနာတာဝန်ကို ထမ်းဆောင်နိုင်ကြလို့ပဲလို့ ဆိုနိုင်ပါတယ်"

"မြန်မာနိုင်ငံက ဆရာတော်ကြီးများရဲ့ အားထုတ်ကြိုးပမ်းမှု၊ ကမ္ဘာ့အဆင့်မီ စွမ်းဆောင်ရည်ရှိမှု၊ ဦးဆောင်နိုင်စွမ်းရှိမှု၊ နိုင်ငံတော်အစိုးရရဲ့ စီမံခန့်ခွဲနိုင်မှု၊ ပြည်သူအများရဲ့ အားပေးထောက်ခံမှုတို့ကြောင့်လို့လဲ ပြောနိုင်ပါတယ်"

ထိုသို့ ကျွန်တော်တို့၏ ပြောဆိုဆွေးနွေးခဲ့ကြသည့် စကားဝိုင်းအပြီးတွင် ကျွန်တော့် အတွေးအာရုံထဲ၌ **တပ်မတော်အစိုးရပီပီ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ သာသနာတော်အတွက်ဆိုပါက ဘယ်လိုပင်ပေးဆပ်ရသည်ဖြစ်စေ အားထုတ်ကြိုးပမ်း လုပ်ဆောင်သွားမည်ဆိုသည့် စေတနာနှင့် ပြတ်ပြတ်သားသား လုပ်ဆောင်မှုများကို အထင်အရှားပင် တွေ့မြင်နေရပါသည်။ သို့ဖြစ်၍ နိုင်ငံတော်၏ မူဝါဒလမ်းစဉ်(၇)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှာဖြစ်သလို မကြာမီသောကာလ၌ ပြည်သူအများ လိုလားတောင့်တနေသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ်သို့ မလွဲမသွေရောက်ရှိနိုင်တော့မည်**ကို မြင်ယောင်နေမိပါတော့သည်။ ။

● *ကျောဖုံးမှ*

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော် ခန်းမတွင် ဖွင့်လှစ်ပြသနေသော မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲသို့ မြန်မာ့အလင်း သတင်းစာမှ သတင်းဆောင်းပါးအဖွဲ့က ဆေးပစ္စည်း ထုတ်လုပ်သူများနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။



**မြန်မာ့ တိုင်းရင်းဆေးကို ပြည်သူများပိုမိုသိရှိအောင် ယခုလို ပြပွဲများ၊ အခမ်းအနားများပြုလုပ်ပေးလို့ နိုင်ငံတော်ကို ကျေးဇူးအထူးတင်ရှိ။**

**ဦးခင်မောင်ထွန်း**
**(ထက်လင်းဆေးတိုက်)**
ဓာတ်ပုံမှတ်တမ်း(မြန်မာ့အလင်း)

ရှေးဦးစွာ ထက်လင်း တိုင်းရင်းဆေးပြခန်းမှ ဦးခင်မောင်ထွန်းနှင့် တွေ့ဆုံရာတွင် "မြန်မာ့တိုင်းရင်းဆေးသုံးစွဲသူများ တစ်နှစ်ထက် တစ်နှစ်များပြားလာကြောင်း၊သုံးစွဲသူများသည် မြန်မာ့တိုင်းရင်းဆေးကို ပိုမိုယုံကြည်လက်ခံလာလို့အားပေးမှု ပိုမိုများပြားလာတဲ့အတွက် လူတန်းစားမရွေး၊ အဆင့်အတန်းမရွေး သုံးစွဲနိုင်အောင် ထုတ်လုပ်ထားကြောင်း၊ သုံးစွဲသူများထံမှ မြန်မာ့တိုင်းရင်းဆေးရဲ့ ထူးကဲသည့် အကျိုးကျေးဇူးတွေကို ပြန်လည်ကြားသိလာရကြောင်း၊ သုံးစွဲသူတွေ အကျိုးရှိလို့ ဝမ်းမြောက်ကျေနပ်မိကြောင်း၊ မြန်မာ့တိုင်းရင်းဆေးကို ပြည်သူများ ပိုမိုသိရှိအောင် အခုလို ပြပွဲတွေ၊ အခမ်းအနားတွေ ပြုလုပ်ပေးလို့ နိုင်ငံတော်ကို ကျေးဇူးအထူးတင်ရှိကြောင်း"ပြောကြားသည်။



**ဘိုးဘွားအမွေဖြစ်၍ ဆက်လက်ထိန်းသိမ်းရင်း ပြည်သူများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် စောင့်ရှောက်သွားနိုင်အောင် ကြိုးပမ်းသွားမည်။**

**ဒေါ်ခင်မြင့်ဝင်း**
**(ဒေါ်နုဆေးတိုက်)**
ဓာတ်ပုံမှတ်တမ်း(မြန်မာ့အလင်း)

ဆက်လက်၍ ဩဘာတိုင်းရင်းဆေးပြခန်းမှ ဒေါ်ခင်နွယ်တင်နှင့် တွေ့ဆုံရာတွင် "လူတွေမှာ အဖြစ်များသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ လေးဖက်နာနှင့် ၄က်ဖျားဆေးတွေကို ထုတ်လုပ်ပေးထားကြောင်း၊ ထုတ်လုပ်သည့်ဆေးများကို ပြည်သူများက ယုံယုံကြည်ကြည်ဖြင့် သုံးစွဲကြပြီး အခုလို တိုင်းရင်းဆေးပြပွဲများက ထပ်မံဖော်ထုတ်ပေးသဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ ပိုမိုကျယ်ပြန့် နက်ရှိုင်းလာတာတွေ့ရကြောင်း၊ ပြပွဲကြီး ကျင်းပပေးသည့်အတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ စည်းလုံးညီညွတ်မှုအင်အား ပိုမိုပေါ်လွင်လာကြောင်း၊ ထုတ်လုပ်သောဆေးတွေကို တင်ပြခွင့်ရသည့်အတွက် နိုင်ငံတော်ကို ကျေးဇူးအထူးတင်ရှိကြောင်း" ပြောကြားသွားသည်။

ထို့နောက် မြန်တိုင်းကျော် တိုင်းရင်းဆေးပြခန်းမှ ဦးမြင့်ဆွေက ရှင်းပြရာတွင် "မြန်မာ့တိုင်းရင်းဆေးကို ရှေးရိုးအစဉ်အဆက် ထိန်းသိမ်းပြီး ခေတ်မီနည်းစနစ်ဖြင့် ပီပြင်အောင် ထုတ်လုပ်ထားကြောင်း၊အဆင့်အတန်းမြင့်မြင့်ဖြင့် ကောင်းအောင် ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ပြီး သုံးစွဲသူများသူတို့ အသိစိတ်ဓာတ်နှင့်သူတို့ ပိုမိုယုံကြည်မှုရှိလာလို့ ပိုမိုဝယ်ယူအားပေး



**မြန်မာ့ တိုင်းရင်းဆေးကို ရှေးရိုးအစဉ်အဆက်ထိန်းသိမ်းပြီး ခေတ်မီနည်းစနစ်ဖြင့် ပီပီပြင်ပြင် အဆင့်အတန်းမြင့်မြင့် ကောင်းအောင် ဆက်လက်ထုတ်လုပ်သွားမည်။**

**ဦးမြင့်ဆွေ**
**(မြန်တိုင်းကျော်)**
ဓာတ်ပုံမှတ်တမ်း(မြန်မာ့အလင်း)

လာကြကြောင်း၊ အဓိကအနေဖြင့် ကျွန်တော်တို့ သွားတိုက်ဆေးမှုန့်ကို ထုတ်လုပ်တာဖြစ်ပြီး သွားဆိုတာ စားကြွင်းစားကျန်မှတစ်ဆင့် အပုပ်ကို ဆောင်တတ်တာမို့ အနံ့အသက် ကင်းစင်ပြီး သွားနာ၊ သွားကိုက်ပျောက်ကင်းအောင်၊ သွားဖုံးရောင်၊ ရေစီးကမ်းပြိုပျောက်အောင် အထူးစီစဉ်ထားကြောင်း၊ ကန့်ဓာတ်က အပုပ်ကို ထိန်းနိုင်သည့်အတွက် သတ်မှတ်သည့် အချိုးအစားဖြင့် ပါဝင်ဖော်စပ်ထားလို့ သုံးစွဲသူတွေ အထူးနှစ်သက်ကြကြောင်း" ပြောကြားသည်။



**ထုတ်လုပ်သည့်ဆေးများကို ပြည်သူများက ယုံယုံကြည်ကြည်ဖြင့်သုံးစွဲကြပြီး အခုလို တိုင်းရင်းဆေးပြပွဲများလုပ်ပြီး ထပ်မံဖော်ထုတ်ပေးခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ ပိုမိုကျယ်ပြန့် နက်ရှိုင်းလာသည်ကို တွေ့ရ။**

**ဒေါ်ခင်နွယ်တင်**
**(ဩဘာဆေးတိုက်)**
ဓာတ်ပုံမှတ်တမ်း(မြန်မာ့အလင်း)

ဆက်လက်၍ ဒေါ်နုဆေးတိုက်မှ ဒေါ်ခင်မြင့်ဝင်းက ပြောကြားရာတွင် "ကျွန်မတို့ ဆေးထုတ်လုပ်ရေးက မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများဖြင့် အကြောဖြေဆေး၊ မွေးကင်းစမှ အဘိုးအဘွားထိ အသုံးပြုနိုင်မည့် ဖိုးခွားချွဲကြေရင်လူးဆေး၊ သွေးတိုး၍ မူးမောပါက ဆေးကို ရှူပေးရုံဖြင့် သွေးတိုးကျပြီး အမောပြေစေသော ဒီမာရှူလိမ်းမောပြေ ဒဏ်ကျေဆေး အပြင် အဓိကလိမ်းဆေးအနေဖြင့် လက်ဖဝါးကွဲ၊ ခြေဖဝါးကွဲလိမ်းဆေးများ ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းဆေး အိမ်တွင်းမှုလုပ်ငန်းနှင့် ပြည်သူ့ကျန်းမာရေးကို အလုပ်အကျွေး ပြုလျက်ရှိကြောင်း၊ ကျွန်မတို့ ဆေးဝါးများကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ပင် တင်ပို့နေပြီဖြစ်ကြောင်း၊ ဘိုးဘွားစဉ်ဆက်အမွေဖြစ်၍ ဆက်လက်ထိန်းသိမ်းရင်း ပြည်သူများ၏ကျန်းမာရေးကို ဒေါ်နု တိုင်းရင်းဆေးဖြင့် စောင့်ရှောက်သွားနိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

ထို့နောက် အဘထ တိုင်းရင်းဆေးတိုက်မှ ဒေါ်ခင်ဝင်းဌေးကို ဆက်လက်တွေ့ဆုံရာ"ယခုပြခန်းတွင် အစွမ်းထက် မြန်မာ့ဆေးစွမ်းကောင်းများဖြစ်သည့် လေးဖက်နာဆေး၊ ဆီးဝမ်းမှန် နက်ကျော်ဆေး၊ သွေးကျဆေး၊ နှလုံးရောဂါဆေး၊ ဆီးရောဂါဆေး၊ သွက်ချာပါဒလေငန်းဆေး၊ အပုပ်ချရုပ်လှဆေး၊ အနာဘုရင် လိမ်းဆေးနှင့် ဂျီးစံပုဆေးမြစ်စုံခဲဆေးများ



**အဘထ ရှူဆေးသည် အသီးအပွင့်မှထွက်သည့် အငွေ့အသက်ဖြင့် ဖော်စပ်ထားသဖြင့် ဘေးဥပဒ် မဖြစ်စေနိုင်။**

**ဒေါ်ခင်ဝင်းဌေး**
**(အဘထဆေးတိုက်)**
ဓာတ်ပုံမှတ်တမ်း(မြန်မာ့အလင်း)

ကို ခင်းကျင်းပြသ ရောင်းချလျက်ရှိကြောင်း၊ ထို့အပြင် အထူး ဖော်စပ်ထုတ်လုပ်ထားသော အဘထ၏"ထ" အမှတ်တံဆိပ်ပါ ရှူဆေး(၁)နှင့် (၂)ကို ရှူလိုက်ရုံဖြင့် ဆေးအတွင်း အောင်းနေသည့်အားကိုရရှိပြီး ခေါင်းအုံ၊ ခေါင်းကိုက်၊ ဇက်ကြောတက်သာမက ဦးခေါင်းပိုင်းဆိုင်ရာ ရောဂါများကို ပျောက်ကင်းစေနိုင်ကြောင်း" ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေါ်ခင်ဝင်းဌေးက "အဘထရှူဆေးသည် အသီးအပွင့်မှထွက်သည့် အငွေ့အသက်ဖြင့် ဖော်စပ်ထားသဖြင့် ဘေးဥပဒ် မဖြစ်စေနိုင်ကြောင်း၊ တိုင်းရင်းဆေးသည် ဈေးနှုန်းသက်သာပြီး ဝယ်ယူသုံးစွဲမှုလွယ်ကူသဖြင့် လူများစုအတွက် အထောက်အပံ့ဖြစ်စေကြောင်း၊ ပြည်သူအများစုရဲ့ အကျိုးကို ရှေးရှုပြီး ဆေးဝါးထုတ်လုပ်နေခြင်းဖြစ်ကြောင်း၊ တိုင်းရင်းဆေးသမားတော်များသည် ဘာသာရေးကို အဓိကထားပြီး ဆောင်ရွက်ခြင်းကြောင့် ထူးခြားသော စွမ်းအားများက အကျိုးကျေးဇူးဖြစ်စေကြောင်း" ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သုဇာတာတိုင်းရင်းဆေးတိုက်မှ ဒေါ်သူဇာနွယ်က ပြောကြားရာတွင် "ယခုပြခန်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် သုဇာတာချောင်းဆိုးပျောက် သလိပ်ကြေလျက်ဆားနှင့် မျက်စိကြည်ဆေးတို့လာရောက် ခင်းကျင်းရောင်းချလျက်ရှိကြောင်း၊ မိတ်ဆွေများကို ဦးစွာစမ်းသပ်ပြီးမှ မှတ်ပုံတင်ကာ ပြည်သူများကို ဖြန့်ဖြူးခြင်းဖြစ်ကြောင်း၊ ခုနစ်ရက်သားသမီးတို့၏ ကျန်းမာရေးကို ကုသနေရသဖြင့် ဝမ်းသာမိကြောင်း၊ ယခု မျက်စိကြည်ဆေးတွင် မြင်းခွာရွက်၏ ပဥ္စငါးပါးကို အဓိကဖော်စပ်ထားသဖြင့် မှတ်ဉာဏ်ကောင်းခြင်း၊ ဆီးဝမ်းရှင်ခြင်းနှင့် အပူ အပုပ်ကင်းစင်ကာ အသားအရေ စိုပြည်မှုရှိကြောင်း၊ တိုင်းရင်းဆေးပြပွဲကြီးသည် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများ၊ သုံးစွဲသူ ပြည်သူပြည်သားများအတွက် နှစ်ဦးနှစ်ဖက်အကျိုးရှိကြောင်း၊ ယခုလို ပြပွဲကြီးမျိုးကို နိုင်ငံတော်က ခင်းကျင်းပေးပြီး လာရောက်တင်ပြ ရောင်းချခွင့်ရလို့ နိုင်ငံတော်ကို ကျေးဇူးတင်ရှိပါကြောင်း"ပြောကြားသည်။



**တိုင်းရင်းဆေး ပြပွဲကြီးသည် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် သုံးစွဲသူ ပြည်သူများအတွက် နှစ်ဦးနှစ်ဖက် အကျိုးရှိ။**

**ဒေါ်သူဇာနွယ်**
**(သုဇာတာဆေးတိုက်)**
ဓာတ်ပုံမှတ်တမ်း(မြန်မာ့အလင်း)

ထို့နောက် မဟိဒ္ဓိဆရာကျော် တိုင်းရင်းဆေးတိုက်ပြခန်းမှ ဦးအောင်မြတ်ကျော်က ပြောကြားရာတွင် "မြန်မာ့တိုင်းရင်းဆေး ပြပွဲကြီးတွင် ယခုနှစ်ထိ လေးကြိမ်တိုင် ပါဝင်ဆင်နွှဲခဲ့ကြောင်း၊ မဟိဒ္ဓိဆေးတိုက်က လေးဖက်နာလိမ်းဆေး/ရှူဆေး၊ဝမ်းလျှောဝမ်းပျက်ရောဂါပျောက်ဆေး၊ ချောင်းဆိုးပျောက်ဆေး၊ ဝမ်းပျော့အကြောပြေလေဆေး၊ အစာအိမ်ရောဂါပျောက်ဆေး၊ သွေးတိုးကျဆေး၊ တပင်တိုင်မြနန်း (အနီ) နှင့် ရုပ်လှသွေးသန့်



**အလွန်ရှားပါး ဆေးဖက်ဝင်သည့် သစ်ဥများဖြင့် ဖော်စပ်ထားသော တပင်တိုင်မြနန်း(အနီ) ဆေးဥနှင့် ဆေးပြားများသည် အစွမ်းထက်သော တိုင်းရင်းဆေး တစ်လက်ဖြစ်။**

**ဆရာကျော်**
**(မဟိဒ္ဓိဆေးတိုက်)**
ဓာတ်ပုံမှတ်တမ်း(မြန်မာ့အလင်း)

ဆေးများ ထုတ်လုပ်လျက်ရှိကြောင်း၊ မိမိတို့ဆေးခန်း၌ ကုသရန် ထုတ်လုပ်ထားသော ရောဂါကြီးခြောက်မျိုး ဆေးဝါးများအပြင် အဖုအကျိတ်၊ မြစ်ပွားနာ၊ သွေးတိုးရောဂါများ ကုသရာတွင် အလွန်ထိရောက်သည့် တပင်တိုင်မြနန်း(အနီ)ဆေးဥနှင့် ဆေးပြားများကို ပြည်သူများ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ဖို့ ပြခန်း၌ ခင်းကျင်းပြသ ရောင်းချလျက်ရှိကြောင်း၊ အလွန်ရှားပါးဆေးဖက်ဝင်သည့် သစ်ဥများဖြင့်ဖော်စပ်ထားသော တပင်တိုင်မြနန်း (အနီ) ဆေးဥနှင့် ဆေးပြားများသည် ရောဂါအများစုကို ထိရောက်စွာကာကွယ်နိုင်သဖြင့် အစွမ်းထက်သော တိုင်းရင်းဆေး တစ်လက်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာ့ရိုးရာ အိမ်တွင်းဆေးပညာသည် ပြည်သူများအတွင်း ဖြစ်ပွားတတ်သည့် သာမညရောဂါ၊ သာမညအနာ၊ အရေးပေါ်ရောဂါနှင့် အရေးပေါ်အနာများအတွက် ထိရောက်စွာ စွမ်းဆောင်နိုင်ခဲ့သည့် စူးရှထက်မြက်သော တိုင်းရင်းဆေးများဖြစ်ပေသည်။ မြန်မာ့တိုင်းရင်းဆေးများ၏ အစွမ်းသတ္တိဖြင့် နှစ်ပေါင်းထောင်ချီမှသည် ယနေ့ထက်တိုင် တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးလျက်ရှိနေပါကြောင်း ဖော်ပြလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**



**ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ သတ္တမအကြိမ် စုပေါင်း ဘုံကထိန်ပွဲကို နိုဝင်ဘာ ၂၆ ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးဉာဏ်ဝင်းတို့က ဇောတိကာရုံကျောင်းတိုက် ဆရာတော် ဦးဥတ္တမထံသို့ ကထိန်ဥတ်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## တောင်ငူမြို့ နဂါးရုံစာသင်တိုက်သို့ အာဂုံဆောင်ဇာတ်စာအုပ်များလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင် ကျမ်းများကျမ်းပြုအရှင် စန္ဒဇောတိ (ပါဠိပါရဂူ-ပိဋကတ်တစ်ပုံဆောင်)ရေးသားပြုစုထားသော အာဂုံဆောင်ငယ်ဇာတ်၊ အာဂုံဆောင်လတ်ဇာတ်၊ အာဂုံဆောင်ကြီးဇာတ်၊ သဒ္ဒါမေးကွက် အတွဲ(၁)၊အတွဲ(၂)နှင့် သင်္ဂြိုဟ်မေးကွက် အတွဲ(၁)၊ အတွဲ(၂)အပါအဝင် အာဂုံဆောင်ကျမ်းစာအုပ်များကို ဒီဇင်ဘာ၁၆ ရက်က တောင်ငူမြို့ နဂါးရုံပရိယတ္တိစာသင်တိုက်သို့ပေးပို့လှူဒါန်းရာ တောင်ငူမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ နဂါးရုံပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍဝက လက်ခံရယူကြောင်းသိရသည်။ **(က-ပ)**

## မိုးကုတ်တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ရန်အောင်ရွာ ဇေယျတောင် တောရ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် နတ်တော်လဆန်း ၆ ရက်မှ ၁၀ ရက်အထိ (ဒီဇင်ဘာ၁၇ရက်မှ ၂၁ရက်)အထိ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားစခန်းပွဲတွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိ ဆရာတော်ဦးကေသဝ (ပျော်ဘွယ်)က သစ္စာလေးပါး မြတ်တရားတော်ကို ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

## သဲအင်းဂူ ခုနစ်ရက်တရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ် ၅ ရပ်ကွက် (၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် မူလကျေးဇူးရှင် သဲအင်းဂူဆရာတော်ကြီး၏ သားတပည့်ဖြစ်သော အရှင်ပဏ္ဍဝံသ(မိဂလုံ)သည် ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရားတော်များဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းပွဲကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများအား ဒီဇင်ဘာ ၂၆ရက် ညနေ ၃ နာရီ အရောက် လာကြရန်နှင့် အာဟာရ ဒါနလှူဒါန်းလိုသူများ ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန် အသင်း(ဗဟို)မှ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ဒီဇင်ဘာ ၁၁ရက်တွင်ကျင်းပရာ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ခုခံကျကာလသားရောဂါနှင့် ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးစီမံကိန်း စီမံချက်မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမင်းသွယ်က ယခုနှစ် အေအိုင်ဒီအက်စ် ဆောင်ပုဒ်ဖြစ်သည့် 'အေအိုင်ဒီအက်စ်ကင်းစင်ဖို့ အမျိုးသမီးဘဝမြှင့်တင်စို့' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) မေးရိုးခံတွင်း ဆေးပညာဌာနမှ ဌာနမှူး ဒေါက်တာဆွေဆွေဝင်းက Dental Management of HIV/AIDS ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဂရင်းရှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၆

**မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် International Beverages Trading Co., Ltd. နှင့် HAN Event Management တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၀၄–၂၀၀၅ ခုနှစ် ဂရင်းရှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၆ နာရီခွဲက မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း တီခုံအမှတ်(၁)၌ ကျင်းပသည်။**

## ပါဝင်ယှဉ်ပြိုင်

ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးမြို့ တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကော်မတီဝင်(၁)ဦးကြည်လင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးနှင့် I.B.T.C ကုမ္ပဏီမှ အရည်အသွေးထိန်းသိမ်းမှု ဒါရိုက်တာ ဦးတင့်ဦးတို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲကို နှစ်ရက်ကျင်းပရာ ပထမနေ့ ပွဲစဉ်၌ ပြိုင်ပွဲဝင် ၁၁၇ ဦး၊ ဒုတိယနေ့ ပွဲစဉ်၌ ပြိုင်ပွဲဝင် ၁၂၈ ဦး၊ စုစုပေါင်း ၂၄၅ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ဂရင်းရှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ Oriental House Restaurant၌ ဆက်လက်ကျင်းပသည်။

## ဆုများပေးအပ်ချီးမြှင့်

ရှေးဦးစွာ I.B.T.C ကုမ္ပဏီမှ တာဝန်ရှိသူများက နှစ်သိမ့်ဆုရရှိကြသော ဦးမောင်ညို၊ ဦးအောင်မင်း၊ ဦးထွန်းကျော်မိုး၊ ဦးကျော်ကျော်၊ ဦးမြင့်ကို၊ ဦးသိန်းနိုင်ဦး၊ ဦးသက်ရွှေဦး၊ ဦးသန်းထွန်း၊ ဦးဘိုဘို၊ ဦးတိုးနီ၊ အနီးဆုံးရိုက်ချက်ဆုရရှိသောဒေါ်အုန်းကြည်၊ အဝေးဆုံးရိုက်ချက်ရရှိသော ဦးအေးကို၊ Most Par ဆုရရှိသော ဦးနေထွန်းဝင်းနှင့် Most Birdies ဆုရရှိသော ဦးစိုင်းကြူတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် I.B.T.C ကုမ္ပဏီမှ အရည်အသွေးထိန်းသိမ်းမှု ဒါရိုက်တာ ဦးတင့်ဦးက ပထမဆုရရှိသောဦးအေးကို၊ ဒုတိယဆုရရှိသော ဦးစိုင်းကြူနှင့် တတိယဆုရရှိသော ဦးတေဇာလင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။ တတိယပွဲစဉ်မှ အကောင်းဆုံး ဂေါက်သီးရိုက် အားကစားသမား လေးဦးဖြစ်သော ဦးအေးကို၊ ဦးစိုင်းကြူ၊ ဦးတေဇာလင်းနှင့် ဦးမောင်မျိုးတို့သည် ၂၀၀၅ ခုနှစ် မတ် ၆ ရက်၌ မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည့် Final Round ပွဲစဉ်၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိကြမည်ဖြစ်သည်။

ဂရင်းရှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲကို Co-sponsors များဖြစ်ကြသော Air Mandalay၊ Popa Aqua၊ Crusher Club Soda၊ Pingနှင့် Traders Hotelတို့က ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသည်။

ဂရင်းရှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်ကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လားရှိုးမြို့ လားရှိုးဂေါက်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



**ဂရင်းရှိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းက ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။** (က–ပ)

# တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများနှင့် ဗိုလ်လုပွဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

၂၀၀၄ ခုနှစ် (၄၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၈ ရက် ညနေ ၃ နာရီတွင်လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၉ ရက် ညနေ ၃ နာရီတွင်လည်းကောင်း၊ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၃ ရက် ညနေ ၃ နာရီတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲများကို ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘောလုံးပွဲ ယှဉ်ပြိုင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စီးပွားကူးသန်းဂျာနယ် အတွဲ(၄)၊အမှတ်(၂၃)ဖြန့်ချီ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဆရာပါရဂူ၊ ဒေါက်တာခင်မောင်ညို၊ ဦးဟန်ထွန်းတို့၏ ဆောင်းပါးများနှင့်အတူ သုတ၊ ရသ ဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည့် စီးပွားကူးသန်းဂျာနယ် အတွဲ(၄)၊ အမှတ်(၂၃)ကို အမှတ် ၃၈ လမ်း ၃၀ ပန်းဘဲတန်းမြို့နယ် ရန်ကုန် စီးပွားကူးသန်းဂျာနယ်တိုက်မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က–ပ)

## ❑ ကျောဖုံးမှ

အရှေ့တီမောအသင်း၏ ပယ်နယ်တီဧရိယာအတွင်းသို့ အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်း ဘောလုံးဆွဲဝင်လာစဉ် အရှေ့တီမော နောက်တန်းလူက ဖျက်ကစား၍ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိသည်။ အဆိုပါ ပယ်နယ်တီပြစ်ဒဏ်ဘောကို စိုးမြတ်မင်းကန်သွင်းရာ ဂိုးဝင်၍ ပွဲချိန် သုံးမိနစ်၌ ဦးဆောင်ဂိုး ရရှိခဲ့ခြင်းဖြစ်သည်။ ယခု တိုက်ဂါးဖလားပွဲ၌ စိုးမြတ်မင်း ဒုတိယဂိုး သွင်းယူနိုင်ခြင်းဖြစ်သကဲ့သို့ ပြိုင်ပွဲ၏ အမြန်ဆုံးဂိုးလည်းဖြစ်နိုင်ဖွယ်ရှိသည်။

## ချေပဂိုးပေးလိုက်ရ

မြန်မာအသင်းက ဦးဆောင်ဂိုး ရရှိပြီးနောက် ဆက်လက်၍ထိုးဖောက်ကစားနိုင်သော်လည်း ယခင်ပွဲများကဲ့သို့ အချိတ်အဆက်မမိဘဲ ဖြစ်နေသည်။

အရှေ့တီမောအသင်းက တန်ပြန်တိုက်စစ်မှတစ်ဆင့် ထိုးဖောက်ကစားရင်း ပွဲချိန် ၁၅ မိနစ်၌ ချေပဂိုး ရရှိသွားသည်။မြန်မာအသင်း ကွင်းလယ်မှ အမြောက်ကန်ပို့လိုက်သော ဘောလုံးကို အရှေ့တီမော တိုက်စစ်မှူးနှင့် မြန်မာနောက်တန်းလူတို့ ယှဉ်လုရင်း ပယ်နယ်တီဧရိယာအတွင်း အရှေ့တီမော တိုက်စစ်မှူးကို တွန်းလှဲသလိုဖြစ်သွား၍ ပယ်နယ်တီပြစ်ဒဏ်ဘောပေးရခြင်းဖြစ်သည်။ အဆိုပါ ပယ်နယ်တီပြစ်ဒဏ်ဘောကို ကျောနံပါတ် ၁၃ က ကန်သွင်းရာ ဂိုးဝင်သွား၍ အရှေ့တီမောအသင်း ချေပဂိုးရရှိသွားသည်။

မြန်မာအသင်းအတွက် ဒုတိယဂိုးကို ပထမပိုင်းပြီးကာနီးတွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၄၃ မိနစ်တွင် အရှေ့တီမောအသင်း၏ ပယ်နယ်တီဧရိယာအတွင်းမှ အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်း ထိုးဖောက်လာပြီး နောက်တန်းလူကို ကျော်ချပေးရာ တိုက်စစ်မှူး ဆန်းဒေးသိန်းက နောက်သို့ဆွဲယူသွားပြီးမှ ပြန်လှည့် ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

## မျိုးလှိုင်ဝင်းဂိုးသွင်းပြီ

ဒုတိယပိုင်းတွင် မြန်မာအသင်း ဆက်လက်ထိုးဖောက်ကစားရင်း ပွဲချိန် ၅၁ မိနစ်တွင် တတိယဂိုးရရှိခဲ့သည်။ အလယ်တန်းညာအစွန်လူ ခင်မောင်ထွန်းက အရှေ့တီမော ဂိုးရှေ့သို့ အမြောက်ချပေးရာ အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်းက နောက်တန်းလူနှစ်ဦးကြားမှ လှည့်ထွက်ပြီး ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုတိုက်ဂါးဖလားပွဲ၌ မျိုးလှိုင်ဝင်း၏ ပထမဆုံးဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဒုတိယပိုင်း၌ ရှေ့တီမောအသင်း၏ ကွင်းတစ်ဝက်ကို ဖိကစားနိုင်ခဲ့သည်။ အရှေ့တီမောအသင်းက တန်ပြန်တိုက်စစ်ဖြင့်သာ နှစ်ကြိမ်ခန့် ပြန်လည်ထိုးဖောက်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ဇော်ဇော်အစား ဘိုဘိုအောင်၊ အောင်ကျော်မိုးအစား ထွန်းထွန်းဝင်း၊ မျိုးလှိုင်ဝင်းအစား အောင်ကျော်မြင့်တို့ကို လူစားလဲကစားခဲ့သည်။ မြန်မာအသင်းသည် အနိုင်ရရှိရုံနှင့် အုပ်စုပထမရရှိမည်ဖြစ်ရာ ကစားသမားများ ထိခိုက်ဒဏ်ရာရရှိမှုမရှိအောင် ထိန်းကစားသွားသည်။

## သူတို့ပါဝင်ကစား

အရှေ့တီမောအသင်းကို အနိုင်ရရှိသွားသောမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် **(ဂိုး)** အောင်အောင်ဦး၊ **(နောက်တန်း)** ကျော်ခိုင်ဝင်း၊ ဇော်လင်းထွန်း(၂)၊ မိုးကျော်သူ၊ ခင်မောင်ထွန်း၊ **(အလယ်တန်း)** ဇော်ဇော် (ဘိုဘိုအောင်)၊ စိုးမြတ်မင်း၊ မျိုးမင်းထွန်း၊ အောင်ကျော်မိုး (ထွန်းထွန်းဝင်း)၊ **(ရှေ့တန်း)** မျိုးလှိုင်ဝင်း (အောင်ကျော်မြင့်)နှင့် ဆန်းဒေးသိန်းတို့ ပါဝင်ကစားခဲ့ကြသည်။

## အကြိုဗိုလ်လုပွဲ

(၅)ကြိမ်မြောက် အာဆီယံတိုက်ဂါးဖလား (Tiger Cup) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို အိမ်ကွင်း၊ အဝေးကွင်း အပြန်အလှန် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၂၈ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ အင်ဒိုနီးရှားအသင်းနှင့် မလေးရှားအသင်း၊ ဒီဇင်ဘာ ၂၉ ရက်တွင် မြန်မာနိုင်ငံ၌ မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်များအဖြစ် ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ရက်တွင် မလေးရှားနိုင်ငံ၌ မလေးရှားအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ဇန်နဝါရီ၂ ရက်တွင် စင်ကာပူနိုင်ငံ၌ စင်ကာပူအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ကြောင်း သတင်းစကား ရေးသားလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

## အုပ်စု(ခ)ရပ်တည်မှုအခြေအနေအထား

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | သွင်း | ပေး | ရမှတ် |
|---|---|---|---|---|---|---|---|
| မြန်မာ | ၄ | ၃ | ၁ | – | ၆ | ၂ | ၁၀ |
| မလေးရှား | ၄ | ၃ | – | ၁ | ၁၁ | ၃ | ၉ |
| ထိုင်း | ၄ | ၂ | ၁ | ၁ | ၁၂ | ၄ | ၇ |
| ဖိလစ်ပိုင် | ၄ | ၁ | – | ၃ | ၄ | ၉ | ၃ |
| အရှေ့တီမော | ၄ | – | – | ၄ | ၂ | ၁၇ | ၀ |

# 2004 ASEAN Open Optimist Championship ရွက်လှေပြိုင်ပွဲဆက်

ရန်ကုန် ဒီဇင်ဘာ ၁၆

**အားကစားဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော 2004 ASEAN Open Optimist Championship ရွက်လှေပြိုင်ပွဲကို ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ချောင်းသာကမ်းခြေ၌ ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ တစ်ဦးချင်းအလိုက်ပြိုင်ပွဲ (Individual Race) ကျင်းပပြီး ပြိုင်ပွဲသုံးမျိုး ကျင်းပပြီးစီးသွားသည်။**

## ပါဝင်ယှဉ်ပြိုင်

ယင်းပြိုင်ပွဲသုံးမျိုးတွင် ပြိုင်ပွဲဝင်ခုနစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားမှ အားကစားသမား ငါးဦး၊ ဂျပန်မှ အားကစားသမား ခြောက်ဦး၊ မလေးရှားမှ ခုနစ်ဦး၊ သီရိလင်္ကာမှ ခုနစ်ဦး၊ စင်ကာပူမှ ခုနစ်ဦး၊ ထိုင်းမှ ခုနစ်ဦး၊ အိမ်ရှင် မြန်မာအသင်းမှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီးအားကစားသမား ၁၇ ဦး စုစုပေါင်း ၆၄ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

## တစ်ဦးချင်းပြိုင်ပွဲ

ရွက်လှေအားကစား၏ပြိုင်ပွဲသဘောသဘာဝအရ တစ်ဦးချင်းအလိုက်ပြိုင်ပွဲ စုစုပေါင်း ၁၁ ပွဲ ကျင်းပရမည်ဖြစ်ပြီး တစ်ဦးချင်းပြိုင်ပွဲများကို ဒီဇင်ဘာ ၁၆ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ အနိုင်အရှုံးစာရင်းကို ဒီဇင်ဘာ ၂၀ ရက်တွင် သိရှိရမည်ဖြစ်သည်။

## ကျင်းပမည်

အသင်းလိုက်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။ 2004 ASEAN Open Optimist Championship ရွက်လှေ ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် ညနေ ၆ နာရီတွင် ချောင်းသာကမ်းခြေ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**၂၀၀၄ခုနှစ် 2004 ASEAN Open Optimist Championship ရွက်လှေပြိုင်ပွဲကို ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက် တစ်ဦးချင်းအလိုက်ပြိုင်ပွဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)



# ဖျာပုံမြို့နယ် ကျေးရွာစာကြည့်တိုက်ဖွင့် စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ဖျာပုံ ဒီဇင်ဘာ ၁၂

**ဖျာပုံမြို့နယ် အမာမြို့ ဒေးဒလူကျေးရွာအုပ်စု ဘုန်းကြီးသောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ၊ စာအုပ်လှူဒါန်းပွဲ၊ အလှူငွေပေးအပ်ပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက ဘုန်းကြီးသောင်ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။**

### ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် အမာမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစံသာထွန်းနှင့် ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအေးကြူနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်စိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

### ပေးအပ်လှူဒါန်း

ထို့နောက် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ အလှူရှင် ၁၅ ဦးက ပရိဘောဂ၊စာအုပ်နှင့် အလှူငွေကျပ် ၃၀၅၀၀၀ ကို တာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**



**ဒိုက်ဦးမြို့နယ် ဖအောင်ဝဲကျေးရွာ ကျေးလက်အိမ်ရာဆောက်လုပ်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းမြတ်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် စည်ပင်)

# ခရိုင်ချင်းဆက်လမ်း ကျောက်ချောလမ်းခင်း

**တောင်တွင်းကြီး ဒီဇင်ဘာ ၈**

တောင်တွင်းကြီးမြို့နယ်အပိုင်းရှိ ခရိုင်ချင်းဆက် လမ်းဖြစ်သော ထန်းတောကြီးကျေးရွာမှ ဝါးသုံးပြုံးကျေးရွာကြားမိုင်တိုင် ၁၁/၂ မှ ၁၃/၂ အထိ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် လက်ထောက်အင်ဂျင်နီယာဦးအောင်ကြီးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

**(အောက်ပုံ) (မြို့နယ် စည်ပင်)**

# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်



# မောင်တောခရိုင်၌ ကျေးရွာစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်ရှင်းလင်း၊စာအုပ်စာစောင်လှူဒါန်း

မောင်တော ဒီဇင်ဘာ ၈

**မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဘဂုံးနားကျေးရွာအုပ်စုတွင် ကိုယ့်အားကိုယ်ကိုး ပညာ့တန်ဆောင် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက်က အဆိုပါ ကျေးရွာအုပ်စုတွင် ကျင်းပသည်။**

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် မောင်တောခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြမောင်ကြီးက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာ့တန်ဆောင် စာကြည့်တိုက်အတွက် စာအုပ်စာစောင် ၁၅၀ ကို ပေးအပ်လှူဒါန်းပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်မောင်၊ မောင်တောခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးကြိုင်နှင့် ဘဂုံးနား ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအလုံးမောင်တို့က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**




# ကျွခတ်ချောင်းလမ်းပေါ်မှ တံတား ကော့ကရိတ်ခရိုင် အုပ်ချုပ်ရေးမှူး စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၈**

၂၀၀၄-၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြနှင့် ကျေးလက် လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ကျွခတ်ချောင်းလမ်းပေါ်ရှိ မိုင်တိုင် ၃/၀ တွင် တည်ဆောက် ပြီးစီးသွားသော တံတားအား ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်ဝင်းနှင့်အဖွဲ့ဝင်များ နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီက ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့အား ကြာအင်းဆိပ်ကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းလှအောင်က တံတားတည်ဆောက် ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြောင်းသိရသည်။ **(အောက်ပုံ)**

**(မြို့နယ် စည်ပင်)**



# ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလှေ့လာစို့



# မိုင်းတုံမြို့ ဈေးပတ်လမ်း ပြုပြင်ဆောင်ရွက်

**မိုင်းတုံ ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဈေးပတ်လမ်း ကျောက်ရောမြေချ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းကို နိုဝင်ဘာ ၂၄ ရက်က ဆောင်ရွက်ရာ မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်းက ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

# ပြည်မြို့နယ် ဓာတ်ပေါင်းစုံ အောင်ဆုပန် စေတီတော်မြတ် ဘက်စုံပြုပြင်တည်ဆောက်ရေး အလှူငွေများ လှူဒါန်းနိုင်

**ပြည် ဒီဇင်ဘာ ၁၃**

ပြည်မြို့နယ် မှတ်ရှည်အုပ်စု ရွှေတံခါးအပိုင်း(၃) နယ်မြေတွင် တည်ထားကိုးကွယ်တော်မူသော သမိုင်းဝင် ဆုတောင်းပြည့်စေတီတော်ကို ပြည်သူများ ကြည်ညိုသဒ္ဓါ ပွားနိုင်စေရန်အတွက် အကျိုးတော်ဆောင်အဖွဲ့က ဘက်စုံ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည်။

စေတီတော်မြတ်ကြီး၏ ရင်ပြင်ခင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရပ်ဝေးရပ်နီးမှ သဒ္ဓါကြည်လင်ပါရမီရှင် အပေါင်းတို့သည် ဥက္ကဋ္ဌ ဦးမြသိန်းနှင့် အကျိုးတော် ဆောင်အဖွဲ့ ဆုတောင်းပြည့်ဓာတ်ပေါင်းစုံ အောင်ဆုပန် စေတီတော်မြတ်ကြီး မှတ်ရှည်အုပ်စု ရွှေတံခါး အပိုင်း (၃) ပြည်မြို့နယ် ဖုန်း–၀၅၃–၂၁၈၈၀ သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က–ပ)**

(၁၆)ကြိမ်မြောက် စုပေါင်းဘုံကထိန်အလှူတော် မင်္ဂလာပွဲကို နိုဝင်ဘာ ၂၆ရက်က ဆင်ပေါင်ဝဲမြို့နယ် ကျောက်မော်ကျောင်းတိုက်တွင် ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌဦးသိန်းထွန်းနှင့်ဇနီးတို့က မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံ ကထိန်သင်္ကန်း ဆက်ကပ် လှူဒါန်းစဉ်။ (၃၈၅)



နိုဝင်ဘာ ၃၀ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) မှော်ဇာ ကျေးရွာ အုပ်စု အမြဲတမ်း ဓမ္မရိပ်သာ တရား စခန်း၌ ပြည်မြို့နေ ရွှေဇီးကွက် မုန့် တိုက်ပိုင်ရှင် ဦးသိန်း လွင်– ဒေါ်တင် ဝိုင်း၊ သမီး မချိုချို မိသားစု တို့က ကျောင်းထိုင်ဆရာ တော် ဦးပညာသီရိ ထံမှ ကထိန်အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူပြီး သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူ ဒါန်းစဉ်။ (က–ပ)

## အမြို့မြို့ အနယ်နယ် သတင်းများ



# ရမည်းသင်း၌ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ရမည်းသင်း ဒီဇင်ဘာ ၁၀

**ရမည်းသင်းမြို့နယ် မီးဘေးကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်မှု လက်တွေ့သရုပ်ပြပွဲကို နိုဝင်ဘာ ၁၇ရက် မွန်းလွဲ ၁နာရီက မြို့မဈေးအတွင်း၌ ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး အောင်ပိုင်၊ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့(၂) အမှုဆောင်အရာရှိ ဦးစန်းဝင်း၊ လက်ထောက်အင်ဂျင် နီယာဦးထွန်းရင်၊ မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်တင့်၊ ဒုတိယဦးစီးမှူး(ဈေး) ဦးမျိုးထွန်းနှင့် ဈေးဝန်ထမ်းများက မြို့နယ်မီးသတ် ဦးစီးဌာနမှ မီးသတ်ယာဉ်များ၊ မီးသတ် ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်း များကို လက်တွေ့သရုပ်ပြ လေ့ကျင့် ကြသည်။ **(က–ပ)**

**စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့**

# မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံ စုပေါင်းဘုံကထိန်ပွဲကျင်းပ

**မြစ်ငယ် ဒီဇင်ဘာ ၃**

မန္တလေးတိုင်း အမရပူရမြို့နယ် မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံ အထွေထွေမန်နေဂျာ ဦးထွန်းဦး ဦးဆောင်၍ (၅၇)ကြိမ်မြောက် စုပေါင်း ဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၆ရက်က မြစ်ငယ်မီးရထား ဇေတဝန်ဓမ္မာရုံ တွင် ကျင်းပသည်။

အခမ်းအနားတွင် ပဒေသာပင်များကို မြို့တွင်း မြို့ပတ်လမ်းသို့ စည်ကား သိုက်မြိုက်စွာ လှည့်လည်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ညောင်နီပင် ကျေးရွာကျောင်း ဆရာတော်နှင့် ကျောင်းပေါင်း ၇၆ ကျောင်းမှ ဆရာတော် ကြီးများအား ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(၂၀၉)**



**ဒီဇင်ဘာ ၃ရက်က မကွေးတိုင်း ဆေးရုံဝင်းအတွင်းအပြင်၌ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်မှုကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် အမှုဆောင်အရာရှိ ဦးဇော်ဝင်းတို့က သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှု များကို ရှင်းလင်းတင်ပြစဉ်။** (မြို့တော် စည်ပင်)

**အမှတ် ၆၁–၆၂ နဝဒေးလမ်း၊ (၄၈)ရပ်ကွက်ဒဂုံမြို့သစ်(မြောက် ပိုင်း)မြို့နယ်နေ သံအမတ်ကြီး ဦးခင်မောင်အေး–ဒေါ်ခင်မေဦး မိသားစုက အလှူငွေကျပ်တစ် သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃန်းကျွန်း မြို့နယ်ရှိ နာရေးကူညီမှုအသင်း သို့ လာရောက်လှူဒါန်းရာ ဘဏ္ဍာ ရေးအဖွဲ့ဝင် ဒေါ်ဒေဝီခင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း လွှာ ပြန်လည်ပေးအပ်စဉ်။** (က–ပ)

# ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ တာချီလိတ်၌ကျင်းပ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုရသူများဆုချီးမြှင့်

**တာချီလိတ် ဒီဇင်ဘာ ၁၂**

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက် ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေအိုင်ဒီအက်စ်တားဆီးကာကွယ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးက အေအိုင် ဒီအက်စ်ရောဂါတားဆီးနှိမ်နင်းရေးဆိုင်ရာ အမျိုးသားရေး တာဝန်များအား ရှင်းလင်းပြောကြားပြီး ခရိုင်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာမောင်မောင်ယုက အေအိုင်ဒီအက်စ် ရောဂါအကြောင်း ဆွေးနွေးဟောပြောသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်အေအိုင်ဒီအက်စ်တားဆီးကာကွယ် ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်က ကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှုများအား လည်းကောင်း၊ တာချီလိတ်မြို့ အေအိုင်ဒီအက်စ်ရောဂါဝေဒနာရှင်များအား ကူညီပံ့ပိုးရေး အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ မြင့်အောင်က ယခုနှစ်ဆောင်ပုဒ် ဖြစ်သည့် **“အေအိုင်ဒီအက်စ်ကင်းစင်ဖို့ အမျိုးသမီးများ ဘဝမြှင့်တင်စို့”** ဆောင်ပုဒ်နှင့်ပတ်သက်၍ လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ အထိမ်း အမှတ် အခြေခံပညာ အထက်တန်း၊အလယ်တန်း၊ မူလ တန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ကဗျာရွတ် ဆိုပြိုင်ပွဲများတွင် ဆုရရှိသူများအား ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ဇော်မိုးအေး၊ အတွင်းရေးမှူး ဗိုလ်မှူးမင်းဇော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၄၂၀)**



## မြန်မာ့အသံ

**၁၈–၁၂–၂၀၀၄**

**(စနေနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

**နေ့လယ်ပိုင်း**

၀၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၅ အာယုနဲ့သာဓုဆွေးနွေးခန်း
၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ဆန်ကြိတ်ထွက်နှုန်းကောင်းရန် ဆောင်ရန်နှင့် ရှောင်ရန်)
၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း (၁)အေးငြိမ်းရာအမှန်(ခေါင်းကြီး) (၂)အပူထဲကအအေး(ဆောင်းပါး)
၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၂:၁၀ ကလေးများအတွက်အင်္ဂလိပ်စာ
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (မူလတန်း–အင်္ဂလိပ်စာ)



**ညနေပိုင်း**

၁၆:၂၀ ပဥ္စမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲမှ ပြခန်းများ အကြောင်း
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇:၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ဒီဇင်ဘာ အားကစားလ လူတိုင်းပါဝင်လှုပ်ရှားကြ)
၁၈:၄၅ နေ့စဉ်သုံး အင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ညိုညိုတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော ရွှေရည်ဝင်းလက်၏ ရွှေမန်းမေ)
၂၀:၃၀ English Lesson Working Knowledge –တေးသံစုံ(မြန်မာ့အသံအဖွဲ့)





# ပဌမအကြိမ် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပဌမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာ့တိုင်းရင်းဆေးအရည်အသွေးမြင့်မားလာရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်လာရန်နှင့် မြန်မာ့တိုင်းရင်းဆေးကို အသုံးပြုလာရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျန်းမာရေးဝန်ကြီးဌာနကဖွင့်လှစ်ပြသသော ပဌမအကြိမ် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ **စာမျက်နှာ ၆ ကော်လံ ၁** ■

## အစွမ်းထက်မြန်မာ့ဆေးစွမ်းကောင်းများ ဖော်ထုတ်ပြသည့် ပဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကြီး

သတင်းဆောင်းပါး - ကျော်ရွှေ၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဒီဇင်ဘာ ၁၆**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် တိုင်းရင်းဆေးပညာရပ်များ၊ အစွမ်းထက်သည့်ဆေးစွမ်းကောင်းများ၊ တတ်သိကျွမ်းကျင်သော သမားတော်ကြီးများ၊ ထိရောက်ထက်မြက်သည့် ကုထုံးနည်းနာများ ပြန်လည်ဖော်ထုတ်ပြီး စနစ်တကျ ထွန်းကားပြန့်ပွားစေရေးအတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များဆွေးနွေးပွဲများ၊ မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁** ●

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနှင့် အရှေ့တီမောပွဲတွင် မြန်မာအသင်းမှအလယ်တန်းလူ မျိုးမင်းထွန်း(၁၄)၏ ထိုးဖောက်ကစားမှုကို အရှေ့တီမောနောက်တန်းလူများက ဤသို့ဟန့်တားခဲ့ကြသည်။

(ဓာတ်ပုံ-အင်တာနက်)



# အာဆီယံတိုက်ဂါးဖလား အုပ်စုပွဲစဉ်များပြီးဆုံး မြန်မာအသင်းအုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲတက်

သတင်းဆောင်းပါး-ကိုထွေး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

(၅)ကြိမ်မြောက် အာဆီယံတိုက်ဂါးဖလား (Tiger Cup) ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ပွဲစဉ်များကို ယနေ့ညနေပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပသည်။ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအသင်းနှင့်အရှေ့တီမောအသင်းတို့ ဘူကစ်ဂျာလီအားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ချီရက်အားကစားကွင်း၌ တစ်ပြိုင်တည်းယှဉ်ပြိုင် ကစားသောထိုင်းအသင်းနှင့် ဖိလစ်ပိုင် အသင်းတို့ပွဲစဉ်တွင် ထိုင်းအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**မြန်မာအနိုင်ရရှိ**

မြန်မာအသင်းသည် သရေကစားရုံနှင့် အကြိုဗိုလ်လုပွဲတက်ရောက်နိုင်မည်ဖြစ်သော်လည်း အနိုင်ရရှိရေးအတွက် ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားသွားသည်။ အရှေ့တီမောအသင်းသည် သုံးပွဲရှုံးထားပြီးဖြစ်ရာ အိမ်အပြန်မျက်နှာပန်းလှရေးအတွက် အထူးကြိုးစားကစားသွားသည်။ မြန်မာအသင်းက ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားရာ ပွဲစပြီး သုံးမိနစ်အကြာမှာပင် ဦးဆောင်ဂိုး ရရှိခဲ့သည်။ **စာမျက်နှာ ၁၃ ကော်လံ ၁** ❑